# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


ချမ်းသာကို ဆောင်ရွက်တတ်၏

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သော စိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက် | ၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၂၃ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ(၆၅)၊ အမှတ်(၃၅၃)


## ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့် (၇၇)နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားသို့ တက်ရောက်

ရန်ကုန် စက်တင်ဘာ ၂၂

တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့်(၇၇)နှစ်မြောက် နှစ်ပတ်လည် အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ Wyndham Grand Hotel ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး တက်ရောက်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ◯



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စမာကျားတို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့် (၇၇) နှစ်မြောက် နှစ်ပတ်လည် အထိမ်းအမှတ် ကိတ်မုန့်ကို လှီးဖြတ်ပေးစဉ်။


ယနေ့ ဝတ္ထုများ

မဟာဗျူဟာမြောက် စွမ်းအင်စီမံကိန်းနှင့် အမြင်သစ်မြန်မာနိုင်ငံ၏ အနာဂတ် အပိုင်း(၃) ဆောင်းပါး ➢ ၆

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပ လွှတ်တော်ရေးရာ ➢ ၇

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ လွှတ်တော်ရေးရာ ➢ ၉

ရော်ဘာစိုက်တောင်သူများ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်ပပို့ကုန် အခွင့်အလမ်း ဆောင်းပါး ➢ ၁၂


### အားကောင်းသော မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသဖြင့် အဝါရောင်အဆင့် သတိမှတ်

နေပြည်တော် စက်တင်ဘာ ၂၂

ယနေ့ ည ၁၀ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ပိုမိုအားကောင်းလာကာ အားကောင်းသော မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိခဲ့ပြီး မြန်မာနိုင်ငံ ကျောက်ဖြူမြို့၏ စာမျက်နှာ ၃ ကော်လံ ၁ ▼

## ဖလမ်းမြို့ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း ပြန်လည်ဖွင့်လှစ်ရန်ပြင်ဆင်



ဖလမ်း စက်တင်ဘာ ၂၂

ဖလမ်းမြို့ ကျင်မှာလ်ရပ်ကွက်ရှိ အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ရက်ကန်းနှင့် အသက်မွေးပညာ သင်တန်းကျောင်းတွင် စက်ရက်ကန်း၊ လက်ရက်ကန်းနှင့် ရိုးရာဂျပ်ခုတ်သင်တန်းများ ဖွင့်လှစ်နိုင်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိပြီး လက်ရက်ကန်းနှင့် ရိုးရာဂျပ်ခုတ်သင်တန်း တက်ရောက်လိုသူများအနေဖြင့် ကြိုတင်စာရင်းပေးထားနိုင်ပြီဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၄ ကော်လံ ၅ ❖



## တောင်ငူမြို့ရှောင် ရထားလမ်းသစ်ဖောက်လုပ်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၂

တောင်ငူမြို့ရှောင် ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းကို ယနေ့ နံနက်ပိုင်းတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြင့်သည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ထိုသို့သွားရောက်စဉ်တောင်ငူမြို့ရှောင် ရထားလမ်းဖောက်လုပ်ရေး စီမံကိန်း ရှင်းလင်းဆောင်၌ စီမံကိန်းအင်ဂျင်နီယာက အရှည် ၄ ဒသမ ၈၉ မိုင်ရှိ မြို့ရှောင်ရထားလမ်း မြေသားတာပေါင် လုပ်ငန်းဆောင်ရွက်နေမှု၊ လမ်းပိုင်းအတွင်း တံတား ၁၆ စင်း တည်ဆောက်နေမှုအခြေအနေ၊ မြေ ၄၀ ဒသမ ၅ ဧကပေါ်ရှိ အကျယ်ပေ ၄၂၀၀ x ပေ ၄၂၀ ရှိ ဘူတာယာဒ်ဝင်းနှင့် အကျယ်ပေ ၁၄၆ ဒသမ ၅ x ပေ ၅၀ ရှိ ၂ ထပ်ခွဲ ဘူတာအသစ် တည်ဆောက်မည့် အခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻


ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြို့ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ ထုတ်လုပ်သော ကြံ့၊ ဆင်နှစ်ကောင်၊ Blue Diamond နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား

စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၉၂၅၂၃၂၃

အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၇၀၀၄၀၉၇

ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၇၇၇၀၀၄၇၄၀

အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ ၇၇၇၀၀၂၆၇၀





မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စမာကျား ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားစဉ်။



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး မြန်မာ-တရုတ် ချစ်ကြည်ရေးအထိမ်းအမှတ် ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

○ *ရှေ့ဖုံးမှ*

အခမ်းအနားသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ Jeng Phang နော်တောင်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ ဦးသန်းမောင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တပ်မတော်အဆင့်မြင့်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ၎င်းတို့၏ ဇနီးများ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ နိုင်ငံတကာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စမာကျား၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

## လှည့်လည်ကြည့်ရှု

ဦးစွာ ဒုတိယသမ္မတနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများအား မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စမာကျား၊ စစ်သံမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး ခင်းကျင်းပြသထားသည့် မြန်မာ-တရုတ် ချစ်ကြည်ရေးအထိမ်းအမှတ် ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံတော်သီချင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို ဖွင့်လှစ်ပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတက မိန့်ခွန်းပြောကြားရာတွင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် နယ်နိမိတ်ချင်း ရှည်လျားစွာ ထိစပ်နေသည့် အိမ်နီးချင်းကောင်း မိတ်ဆွေနိုင်ငံများ ဖြစ်ကြကြောင်း၊ ခေတ်အဆက်ဆက်တွင် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅) ရပ်နှင့်အညီ အပြန်အလှန်လေးစားမှု၊ နားလည်မှုနှင့် စစ်မှန်သည့် အိမ်နီးချင်းကောင်းပီသမှုတို့ကို အခြေခံပြီး နီးကပ်သည့် ပူးပေါင်းဆောင်ရွက်မှုနှင့် မိတ်ဖက်ဆက်ဆံမှုကို ပိုမိုတိုးတက်ခိုင်မာအောင် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ကြကြောင်း၊ နှစ်နိုင်ငံအကြား "ဆွေမျိုးပေါက်ဖော်" ချစ်ကြည်ရင်းနှီးမှုကို အခြေခံပြီး လိုအပ်ချိန်တိုင်းတွင် အပြန်အလှန်ကူညီပံ့ပိုး ရပ်တည်ပေးနေသည့် နိုင်ငံများလည်းဖြစ်ကြကြောင်း။

ထို့ပြင် ကဏ္ဍအသီးသီးတွင် ဘက်စုံပူးပေါင်းဆောင်ရွက်မှုကို ပိုမိုနက်ရှိုင်းစေပြီး အပြန်အလှန်နားလည်မှုကို မြှင့်တင်ပေးနိုင်ခဲ့ကြောင်း၊ နှစ်နိုင်ငံအကြား မဟာဗျူဟာကျသည့် ဘက်စုံပူးပေါင်းဆောင်ရွက်မှုများ အထူးသဖြင့် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းအောက်တွင်ရှိသည့် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်နိုင်ခဲ့ကြောင်း၊ လာမည့် ကာလများတွင် နှစ်နိုင်ငံအကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုသာမက ယဉ်ကျေးမှုနှင့် ပညာရေး အစရှိသည့် ပြည်သူအချင်းချင်း ချိတ်ဆက်မှုများကိုလည်း ပိုမိုတိုးမြှင့်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း။

တရုတ်နိုင်ငံအစိုးရအနေဖြင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းအားထုတ်မှုများတွင် ဆက်လက်ပံ့ပိုးကူညီပေးနေမှုများနှင့် ဒေသတွင်းနှင့် နိုင်ငံတကာစင်မြင့်များတွင် အထူးသဖြင့် အာဆီယံနှင့် ကုလသမဂ္ဂတို့တွင် မြန်မာနိုင်ငံဘက်မှ အပြုသဘောထောက်ခံကူညီပေးနေမှုများအတွက်လည်း များစွာတန်ဖိုးထားပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့် (၇၇) နှစ်မြောက် နှစ်ပတ်လည်အခါသမယတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သာယာဝပြောပါစေကြောင်းနှင့် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုထာဝရ တည်တံ့ပါစေကြောင်း ပြောကြားသည်။

## စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်

ဆက်လက်၍ ဒုတိယသမ္မတနှင့် တရုတ်နိုင်ငံသံအမတ်ကြီးတို့က တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့် (၇၇) နှစ်မြောက် နှစ်ပတ်လည် အထိမ်းအမှတ် ကိတ်မုန့်ကို လှီးဖြတ်ပေးကြပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ညစာကို အတူတကွ သုံးဆောင်သည်။ ညစာသုံးဆောင်နေစဉ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်မှ အနုပညာအဖွဲ့နှင့် သံရုံးမှ ဝန်ထမ်းများက ရိုးရာယဉ်ကျေးမှုအကအလှများ၊ တေးသီချင်းများဖြင့် သီဆိုကပြ ဖျော်ဖြေတင်ဆက်ကြသည်။ **သတင်းစဉ်**

* *ရှေ့ဖုံးမှ*

တင်ပြမှုများအပေါ် ဒုတိယဝန်ကြီးက ၂၀၂၆ ခုနှစ် ဒီဇင်ဘာလအကုန်တွင် မြေသားတာပေါင်လုပ်ငန်းများနှင့် တံတားလုပ်ငန်းများ ပြီးစီးအောင် ဆောင်ရွက်ရန်၊ ၂၀၂၇ ခုနှစ် မတ်တွင် သံလမ်းခင်းခြင်းလုပ်ငန်းများနှင့် ဝန်ထမ်းအိမ်ရာတစ်လုံးကို အပြီးဆောင်ရွက်ရန်၊ စံချိန်စံညွှန်းအတိုင်း အချိန်မီပြီးစီးရေး ကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ဘူတာယာဒ်ဝင်းနေရာနှင့် ဘူတာအသစ် တည်ဆောက်မည့် မြေနေရာတို့ကိုလည်းကောင်း၊ ရန်ကုန်-မန္တလေးရထားလမ်းဟောင်းနှင့် လမ်းသစ်ဆုံရာ ရန်ကုန်ဘက်အခြမ်းရှိ ခပေါင်းတံတားနေရာကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ရေစီးရေလာကောင်းမွန်ရေး တံတားကို စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ရန်၊ မန္တလေးဘက်ခြမ်း ရထားလမ်းဟောင်းနှင့် လမ်းသစ်ဆုံရာ ကန်ရိုးကျေးရွာအနီး တံတားဟောင်းနေရာတွင် ပေ ၄၀ တံတားအသစ် တည်ဆောက်ရန် မှာကြားသည်။

ထို့မှတစ်ဆင့် မြန်မာ့မီးရထား တိုင်းအမှတ်(၅)တောင်ငူ တိုင်းရုံးနှင့် မြန်မာ့မီးရထားဆေးဌာန တိုင်းဆရာဝန်ကြီးရုံး (တောင်ငူ) တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။


**သတင်းစဉ်**

▼ *ရှေ့ဖုံးမှ*

အနောက်- အနောက်တောင်ဘက် ရေမိုင် ၄၇၀ ခန့်၊ အိန္ဒိယနိုင်ငံ ဗီဆာကာပတ္တနမ်မြို့၏ အရှေ့ဘက် ရေမိုင် ၁၂၀ ခန့်နှင့် ဂိုလ်ပါပူမြို့၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၈၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

အားကောင်းသော မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

၂၂-၉-၂၀၂၆ ရက်နေ့ မြန်မာစံတော်ချိန် ၂၂:၃၀ နာရီအချိန် တိုင်းထွာချက်အရ မုန်တိုင်းငယ်လမ်းကြောင်းပြမြေပုံ




### အားကောင်းသောမုန်တိုင်းငယ်၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း

အဆိုပါအားကောင်းသောမုန်တိုင်းငယ်သည် ည ၁၀ နာရီခွဲတွင် မြောက်လတ္တီကျူ ၁၈.၀ ဒီဂရီနှင့် အရှေ့ လောင်ဂျီကျူ ၈၅.၄ ဒီဂရီတွင် ရှိပြီး ဗဟိုချက်လေဖိအား ၉၉၆ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ နှုန်းခန့်ဖြစ်သည်။

### နောက် ၃၆ နာရီအတွင်းခန့်မှန်းချက်

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်း -ဩရိဿပြည်နယ် တောင်ပိုင်းကမ်းခြေတို့ကို ဗီဆာကာပတ္တနမ်မြို့နှင့် ဂိုလ်ပါပူမြို့တို့အကြားမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

### သတိပေးနှိုးဆော်ချက်

အားကောင်းသော မုန်တိုင်းငယ်၏အရှိန်ကြောင့် ယနေ့ညမှ စက်တင်ဘာ ၂၅ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

### အကြံပြုချက်

သို့ဖြစ်ပါ၍ အားကောင်းသော မုန်တိုင်းငယ်၏ အရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၂၃** - နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာမည်။

**မိုး/ဇလ**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ဂျပန်နိုင်ငံ၏ အောက်လွှတ်တော်အမတ် The Honorable Mr. Hiromichi Wantanabe နှင့် အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၂၂**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ဂျပန်နိုင်ငံ၏ အောက်လွှတ်တော်အမတ် The Honorable Mr. Hiromichi Wantanabe ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ၁၉၅၄ ခုနှစ်ကတည်းက စတင်ထူထောင်ခဲ့သည့် မိမိတို့နှစ်နိုင်ငံ၏ သံတမန်ဆက်ဆံရေးသည် (၇၂) နှစ်တိုင်ခဲ့ပြီး ချစ်ကြည်ရင်းနှီးမှုရှိသည့် မိတ်ဆွေနိုင်ငံများလည်း ဖြစ်ကြပါကြောင်း၊ အဆွေတော်အနေဖြင့်လည်း မြန်မာနိုင်ငံနှင့် နှစ်ပေါင်းများစွာ လက်တွဲဆောင်ရွက်ခဲ့သည့် မိတ်ဆွေဖြစ်၍ မိမိတို့နိုင်ငံ၏ အခြေအနေမှန်များကို ပိုမိုသိရှိမည်ဟု ယုံကြည်ပါကြောင်း၊ ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံသည် ချစ်ကြည်ရင်းနှီးမှုခိုင်မာပြီး အပြန်အလှန်ဖေးမကူညီခဲ့ကြသည့် သမိုင်းကြောင်းများလည်းရှိခဲ့ကြပြီး အစိုးရချင်းသာမက ပြည်သူချင်းလည်း ချစ်ခင်ရင်းနှီးကြပါကြောင်း၊ ထို့ကြောင့် မိမိတို့နှစ်နိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုများ ပြန်လည်တိုးမြှင့်ရန်အတွက် လွှတ်တော်ကဏ္ဍမှ စတင်ဆောင်ရွက်နိုင်ပါကြောင်း၊ မိမိတို့လွှတ်တော်တွင် မြန်မာ-ဂျပန် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအဖွဲ့ ဖွဲ့စည်းထားပြီးဖြစ်၍ လွှတ်တော်နှစ်ရပ်ကြား ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိပါကြောင်း၊ မိမိတို့လွှတ်တော်ရှိ ကော်မတီများ၊ အမျိုးသမီး၊ လူငယ်နှင့် နည်းပညာ



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ဂျပန်နိုင်ငံ၏ အောက်လွှတ်တော်အမတ် The Honorable Mr. Hiromichi Wantanabe နှင့် အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

စသည့် ကဏ္ဍအသီးသီးတွင် ဂျပန်အောက်လွှတ်တော်နှင့် ပူးပေါင်းဆောင်ရွက်သွားလိုပါကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များအားလုံး လာရောက်လုပ်ကိုင်နိုင်ရန်အတွက် မိမိတို့လွှတ်တော်အနေဖြင့် ဥပဒေပိုင်းဆိုင်ရာများကို စိစစ်သုံးသပ်လျက်ရှိပါကြောင်း၊ ဂျပန်နိုင်ငံသည် စိုက်ပျိုးရေးကဏ္ဍနှင့် နည်းပညာပိုင်းတွင် ကမ္ဘာ့ထိပ်တန်းနိုင်ငံတစ်ခုဖြစ်၍ မိမိတို့နိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ၊ နည်းပညာပိုင်းနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးစေလိုပါကြောင်း၊ အဆွေတော် ယခုလိုလာရောက်ခြင်းသည် မိမိတို့နှစ်နိုင်ငံ လွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရန်အတွက် အမြန်ဆုံးအကောင်အထည်ဖော်နိုင်မည့် ပထမဆုံးသော ခြေလှမ်းဖြစ်သည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဂျပန်နိုင်ငံ၏ အောက်လွှတ်တော်အမတ် The Honorable Mr. Hiromichi Wantanabe က ယခုကဲ့သို့ အဆွေတော်ကို ဂါရဝပြုတွေ့ဆုံခွင့်ရသည့်အတွက် ဝမ်းမြောက်ပါကြောင်းနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက်လည်း ဂုဏ်ယူပါကြောင်း၊ မိမိအနေဖြင့် လွန်ခဲ့သည့် နှစ်ပေါင်း ၃၀ ခန့်ကတည်းက မြန်မာနိုင်ငံသို့ ရောက်ရှိကာ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ပါကြောင်း၊ ဂျပန်-မြန်မာ နှစ်နိုင်ငံသည် အလွန်ရင်းနှီးကြသည့် မိတ်ဆွေနိုင်ငံများလည်းဖြစ်ကြပါကြောင်း၊ မိမိယခုလိုလာရောက်ခြင်းသည် မိမိတို့နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးနှင့် ODA စီမံကိန်းများ ပြန်လည်စတင်ဆောင်ရွက်နိုင်ရန်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် မိမိတို့နှစ်နိုင်ငံ လွှတ်တော်ချင်း ပူးပေါင်းဆောင်ရွက်ခြင်းမှ စတင်ခြင်းဖြင့် ဆောင်ရွက်ရမည်ဖြစ်သည်ဟု ယုံကြည်ပါကြောင်း၊ ထို့အပြင် နှစ်နိုင်ငံယဉ်ကျေးမှု ဖလှယ်မှုများမှတစ်ဆင့် ပြည်သူချင်း ပိုမိုရင်းနှီးအောင် ဆောင်ရွက်သွားလိုပါကြောင်း၊ မြန်မာနိုင်ငံ၏ သီလဝါစက်မှုဇုန်နှင့် စိုက်ပျိုးရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများရှိပါကြောင်း၊ အဆွေတော်အနေဖြင့် အဆင်ပြေသင့်လျော်ချိန်တွင် ဂျပန်နိုင်ငံသို့ လာရောက်လည်ပတ်ရန် ဖိတ်ကြားလိုပါကြောင်း၊ မိမိတို့နှစ်နိုင်ငံ လွှတ်တော်နှစ်ရပ်ကြား ပူးပေါင်းဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်၊ နိုင်ငံတကာ ဆက်ဆံရေးကော်မတီ အတွင်းရေးမှူး ဦးယောအေးလှ၊ ပြည်သူ့လွှတ်တော် မြန်မာ-ဂျပန် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ အတွင်းရေးမှူး ဦးမိုးမင်းဦးနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်တို့ပူးပေါင်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်း

**နေပြည်တော် စက်တင်ဘာ ၂၂**

အဂတိလိုက်စားမှုသည်တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို နှောင့်နှေးစေပြီး ဂုဏ်သိက္ခာလည်း ကျဆင်းစေသဖြင့် တစ်ဦးတစ်ယောက်ချင်းအနေဖြင့် အဂတိလိုက်စားမှုကို ရှောင်ကြဉ်သင့်ပါကြောင်း၊ မိမိတို့ ဝန်ကြီးဌာနအနေဖြင့်လည်း ဝန်ကြီးဌာနမှ အဂတိလိုက်စားမှု တားဆီး ကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit–CPU) ကို ဖွဲ့စည်းထားရှိပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်တို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ



စိုးဝင်းက ပြောကြားသည်။

**ပူးပေါင်းပါဝင်ဆောင်ရွက်**

ဆက်လက်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးစိုးသိန်းက အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် စပ်လျဉ်း၍ တစ်ခုတည်းသော ဘုံသဘောတူညီချက်ဖြစ်သည့် ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်းနှင့်အညီ ကမ္ဘာ့နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အဂတိလိုက်စားမှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် အဓိကအဟန့်အတားဖြစ်သည့်အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များတွင် တစ်ဦးတစ်ယောက်မှစပြီး ကဏ္ဍအသီးသီးရှိ ပုဂ္ဂိုလ်များအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ယင်းနောက်အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူးများက အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများက သိရှိလိုသည့်အချက်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

ထို့နောက် ကော်မရှင်အဖွဲ့ဝင် ဦးတင်အောင်ဝင်း ခေါင်းဆောင်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့ဝင်များနှင့် တွေ့ဆုံကာ ဝန်ကြီးဌာနမှ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ၏ လက်ရှိလုပ်ငန်းဆောင်ရွက်ချက်များနှင့် ရှေ့ဆက်ဆောင်ရွက်မည့် ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## စဉ့်ကူးမြို့အနီး အင်အားအနည်းငယ်ရှိ ငလျင်လှုပ်

**နေပြည်တော် စက်တင်ဘာ ၂၂**

ယနေ့ မြန်မာစံတော်ချိန် ၁၂ နာရီ ၃၅ မိနစ် ၅၈ စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ မြောက်ဘက် ၂၇ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း (စဉ့်ကူးမြို့၏ အရှေ့တောင်ဘက် ၁၁ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၂ ဒသမ ၄၁ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၀၉ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၃ ဒသမ ၆ (M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

**မိုး/ဇလ**

❖ ရှေ့ဖုံးမှ

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်သည် ယနေ့နံနက်ပိုင်းတွင် ချင်းပြည်နယ် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး ဦးဝင်းဇော်ဦး၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီဝင်များနှင့်အတူ အဆိုပါကျောင်းကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ခံနည်းပြဆရာမက သင်တန်းသုံးကိရိယာများ ကြိုတင်ပြင်ဆင်ထားရှိမှုအခြေအနေများနှင့် သင်တန်းသားခေါ်ယူမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်ချက်များအား ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ လက်ရက်ကန်း ကျောင်းအဆောက်အအုံ၊ ရက်ကန်းသင်တန်းသား အမျိုးသားအဆောင်၊ ရက်ကန်းသင်တန်းသား အမျိုးသမီးအဆောင်၊ နည်းပြနေအိမ်၊ နှစ်ခန်းတွဲ ဝန်ထမ်းအိမ်ရာနှင့် ကျောင်းအုပ်နေအိမ်ပြုပြင်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်းသို့ သွားရောက်ပြီး ရုံးအဆောက်အအုံ၊ ကျောင်းအုပ်နေအိမ်၊ စတိုဆောင်၊ သင်တန်းသားအိပ်ဆောင်များနှင့် စားရိပ်သာအဆောက်အအုံ ပြုပြင်နေမှုများကိုလည်းကောင်း၊ မြို့နယ်ပညာရေးမှူးရုံး အဆောက်အအုံ ပြုပြင်ပြီးစီးမှု၊ ရုံးလုပ်ငန်းဆောင်ရွက်နေမှုနှင့် ဝန်ထမ်းအိမ်ရာများ ပြုပြင်နေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ပစ္စည်းအရည်အသွေး၊ လုပ်ငန်းအရည်အသွေးများ စံချိန်စံညွှန်းနှင့် ကိုက်ညီမှုရှိရေး၊ သတ်မှတ်ကာလအတွင်းလုပ်ငန်းများ အချိန်မီပြီးစီးနိုင်ရေး ပေါင်းစပ်ညှိနှိုင်း မှာကြားသည်။

ထို့နောက် တောင်တန်းသာသနာပြု ဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဦးဥတ္တမသာရ တည်ထားကိုးကွယ်ခဲ့သော ရန်ပြေမာန်ပြေအောင်တော်မူ ခတ်ပေါင်းစု ဆုတောင်းပြည့်စေတီတော် မွမ်းမံပြင်ဆင်ရန်အတွက် အလှူရှင်များ၏ လှူဒါန်းငွေများကို ပေးအပ်လှူဒါန်းသည်။

ရန်ပြေမာန်ပြေအောင်တော်မူ ခတ်ပေါင်းစုဆုတောင်းပြည့်စေတီတော်ကြီးသည် ၁၉၈၅ ခုနှစ် မတ် ၂၂ ရက်တွင် တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ စေတီတော်ကြီး၏ ထုံးသင်္ကန်းများ မိန်လျော့နေခြင်း၊ စောင်းတန်းများ ပျက်စီးနေခြင်းနှင့်အတူ စေတီတော်ရှိ ခြင်္သေ့နှစ်ကောင်၊ အဆင်း လှေကားများ၊ ဆရာတော်ကြီး၏ ရုပ်တုနှင့်အဝင်မုခ်ဦးများ ဆေးသုတ်ရန် လိုအပ်လျက်ရှိသည့်အတွက် အလှူငွေများ ကောက်ခံလှူဒါန်းခြင်းဖြစ်ကြောင်း၊ ဖလမ်းမြို့ ရန်ပြေမာန်ပြေအောင်တော်မူ ခတ်ပေါင်းစုဆုတောင်းပြည့်စေတီတော်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် စေတနာရှင် ပြည်သူများအနေဖြင့် ဦးမင်းမင်းလတ် တယ်လီဖုန်းနံပါတ် ၀၉ - ၄၄၈၁၃၉၇၈၇၈ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ (၉)ကြိမ်မြောက် ဒူးမားလွှတ်တော်ရွေးကောက်ပွဲသို့ သွားရောက်လေ့လာခဲ့သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၂**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၏ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံ (၉)ကြိမ်မြောက် ဒူးမားလွှတ်တော် ရွေးကောက်ပွဲသို့ စက်တင်ဘာ ၁၆ ရက်မှ ၂၂ ရက်အထိ လေ့လာရေးခရီး သွားရောက်ခဲ့သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးနှင့်အဖွဲ့သည် ယနေ့ ညနေ ၄ နာရီခွဲတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။



လေ့လာရေးခရီးစဉ်အတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် Mr. Pavel Andreev နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်နိုင်မည့် ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာဆွေးနွေးခြင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင် သတင်းအချက်အလက်စင်တာသို့ သွားရောက်၍ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် ဆောင်ရွက်ပုံနည်းလမ်းများကို လေ့လာခြင်း၊ ပြည်သူ့ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးဌာနချုပ် (Public Election Observation Head Quarters) သို့ သွားရောက်လေ့လာခြင်းနှင့် စက်တင်ဘာ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် "Elections in Times of Turbulence" ခေါင်းစဉ်ဖြင့် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာညီလာခံသို့ ပါဝင်တက်ရောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၈ ရက်မှ ၂၀ ရက်အတွင်း မော်စကိုမြို့ Central Administrative Okrug၊ Tagansky District ရှိ မဲရုံအမှတ် ၁၈၂၊ Southern Administrative Okrug၊ Donskoy District ရှိ မဲရုံအမှတ် ၁၇၇၂ နှင့် ၁၇၇၉၊ Moscow Oblast၊ Klinsky District ရှိ မဲရုံအမှတ် ၈၈၂၊ ၈၈၃ နှင့် ၈၈၄ တို့သို့ သွားရောက်လေ့လာခဲ့ပြီး မဲလက်မှတ်အသုံးပြုမဲပေးနေမှု၊ E-Voting စနစ်ဖြင့် မဲပေးနေမှုတို့ကိုလေ့လာကြည့်ရှု၍ ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်များ မဲဆန္ဒရှင်စာရင်းစစ်ဆေးသည့် အဆင့်မှသည် မဲပုံးအတွင်းသို့ မဲစာရွက်ထည့်သည့် အဆင့်ထိ အသေးစိတ်လေ့လာကာ မဲရုံဆောင်ရွက်နေမှု အခြေအနေများအား CCTV ဖြင့် စောင့်ကြည့်လေ့လာနေမှုတို့ကိုလည်း လေ့လာကြည့်ရှုခဲ့သည်။




ရုရှားဖက်ဒရေးရှင်းနိုင်ငံ (၉) ကြိမ်မြောက် ဒူးမားလွှတ်တော်ရွေးကောက်ပွဲတွင် မဲရုံပေါင်း ၉၁၀၀၀ ကျော်၊ မဲဆန္ဒရှင်စုစုပေါင်း ၁၁၁ သန်းကျော်ရှိပြီး တစ်သီးပုဂ္ဂလလွှတ်တော် ကိုယ်စားလှယ်လောင်းများနှင့် နိုင်ငံရေးပါတီ ၁၁ ပါတီတို့မှ လွှတ်တော်ကိုယ်စားလှယ်လောင်း စုစုပေါင်း ၅၂၀၂၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

စက်တင်ဘာ ၂၁ ရက်တွင် ကိုယ်စားလှယ်အဖွဲ့သည် ဗဟိုရွေးကောက်ပွဲကော်မရှင်ရုံး၌ ကျင်းပသည့် နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များ၏ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ရွေးကောက်ပွဲအား စောင့်ကြည့်လေ့လာခဲ့ခြင်းနှင့်စပ်လျဉ်းသည့် သုံးသပ်ချက်နှင့် အမြင်ချင်းဖလှယ်ဆွေးနွေးခြင်း အခမ်းအနားသို့ တက်ရောက်ခဲ့ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ(ဝဲပုံ)က မှတ်ချက်ပြုပြောကြားရာတွင် မိမိတို့အနေဖြင့် နိုင်ငံတကာ ရွေးကောက်ပွဲလေ့လာသူများအဖြစ် ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို လေ့လာခဲ့ရာတွင် မဲရုံများနှင့်မဲပေးရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများသည် စနစ်ကျနမှုရှိပြီး မဲဆန္ဒရှင်များအနေဖြင့် မည်သည့်နှောင့်ယှက်ဖျက်ဆီးမှု၊ ခြိမ်းခြောက်မှုမျှမရှိဘဲ မိမိတို့၏မဲပေးပိုင်ခွင့်ကို လွတ်လပ်စွာကျင့်သုံးနိုင်သည်ကို တွေ့ရှိခဲ့ရပါကြောင်း၊ မဲရုံတာဝန်ရှိသူများအနေဖြင့် မဲပေးခြင်းနှင့် မဲရေတွက်ခြင်းလုပ်ငန်းစဉ်များကို သတ်မှတ်ထားသည့်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စေ့စပ်တိကျစွာ ဆောင်ရွက်နေသည်ကို တွေ့ရှိရပါကြောင်း၊ မဲပေးခြင်းလုပ်ငန်းစဉ်တစ်လျှောက် ပွင့်လင်းမြင်သာမှုရှိပြီး E-Voting စနစ်များ၊ Portable Electronic Voting Machine များကိုလည်း အသုံးပြုထားသည့်အတွက် မဲဆန္ဒရှင်များအနေဖြင့် ပိုမိုလွယ်ကူချောမွေ့စွာ မဲပေးနိုင်သည်ကိုလည်း လေ့လာတွေ့ရှိခဲ့ရပါကြောင်း၊ ကျန်းမာရေးမကောင်းသူများနှင့် မသန်စွမ်းသူများအတွက် နေအိမ်မှမဲပေးခြင်း (Home Voting) စနစ် ဆောင်ရွက်ပေးထားရာ မဲဆန္ဒရှင်များအတွက် အဆင်ပြေစေပြီး မဲပေးမှုရာခိုင်နှုန်း ပိုမိုတိုးတက်စေသည့်စနစ်တစ်ခုအဖြစ် လေ့လာခဲ့ရပါကြောင်း၊ မဲဆန္ဒရှင်များအနေဖြင့် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ခဲ့သည်ကိုတွေ့ရှိရသကဲ့သို့ နိုင်ငံရေးပါတီကိုယ်စားလှယ်များသည်လည်း ၎င်းတို့၏တာဝန်များကို စနစ်တကျဆောင်ရွက်နေသည်ကို တွေ့ရှိခဲ့ရပါကြောင်း၊ ဒူးမားလွှတ်တော်ရွေးကောက်ပွဲသည် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အေးချမ်းစွာကျင်းပနိုင်ခဲ့ပြီး လွတ်လပ်မျှတကာ ပွင့်လင်းမြင်သာမှုအပြည့်ရှိသည်ကို တွေ့ရှိရပါကြောင်း ပြောကြားခဲ့သည်။

ယင်းအခမ်းအနားတွင် လွတ်လပ်သော ဓနသဟာယနိုင်ငံများအဖွဲ့ (CIS)၊ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO) တို့မှလေ့လာစောင့်ကြည့်ရေးအဖွဲ့များ၊ မြန်မာနိုင်ငံအပါအဝင် ဗင်နီဇွဲလား၊ မာလီ၊ ဘာရိန်း၊ အဘ်ခါဇီးယား၊ တာဂျစ်ကစ္စတန်၊ ဘယ်လာရုစ်၊ ကာဇက်စတန်၊ ဥဇဘက်ကစ္စတန်၊ ကာဂျစ္စတန်၊ မော်လဒိုက်၊ သီရိလင်္ကာ၊ ဗဟို အာဖရိကသမ္မတနိုင်ငံ (CAR)၊ အီကွေဒေါ၊ တွန်ဂါ၊ တောင်ဆူဒန်၊ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ (DRC)နှင့် မာဒါဂတ်စကာနိုင်ငံတို့မှ ကိုယ်စားလှယ်အဖွဲ့များ၊ အစ္စလာမ့်စ်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့နှင့် ဗဟိုအာဖရိက စီးပွားရေးနှင့် ငွေကြေးအသိုက်အဝန်းလူငယ်များသမဂ္ဂ(UJ-CEMAC) တို့မှ ကိုယ်စားလှယ်အဖွဲ့များက မှတ်ချက်ပြုပြောကြားခဲ့သည်။

လေ့လာရေးခရီးစဉ်အတွင်း ကိုယ်စားလှယ်အဖွဲ့သည်ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ယဉ်ကျေးမှုဓလေ့ထုံးစံများ၊ ရိုးရာအကအလှများကိုလည်း လေ့လာခွင့်ရရှိခဲ့ပြီး အထင်ကရနေရာများသို့လည်း လှည့်လည်ကြည့်ရှုခွင့်ရရှိခဲ့သည်။ (၉)ကြိမ်မြောက် ဒူးမားလွှတ်တော်ရွေးကောက်ပွဲသို့ နိုင်ငံပေါင်း ၁၃၃ နိုင်ငံနှင့် နိုင်ငံတကာအဖွဲ့အစည်း ၁၃ ခုမှ ရွေးကောက်ပွဲလေ့လာသူ ၁၁၂၆ ဦး၊ နိုင်ငံပေါင်း ၅၃ နိုင်ငံမှ နိုင်ငံတကာသံတမန် ၁၂၈ ဦး လာရောက်လေ့လာခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန် တိုးတက်မှုသို့ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၂**

နိုင်ငံ့ထုတ်ကုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ၊ စိုက်ပျိုးမွေးမြူရေးထွက်ကုန်အခြေခံသည့် စက်မှုလုပ်ငန်းကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး၊ဘဏ္ဍာရေးဝန်ဆောင်မှုများရရှိရေး၊ ရင်းနှီးမြှုပ်နှံမှုတိုးတက်ရေး၊ နည်းပညာရရှိရေးနှင့် ပြည်ပပို့ကုန်တိုးတက်တင်ပို့နိုင်ရေး ရည်ရွယ်ချက်များဖြင့် ကျင်းပသည့် "လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့" အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ၏ ကဏ္ဍအလိုက် စာတမ်းဖတ်ပွဲများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန (၁) ၌ ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပသည်။

နံနက်ပိုင်းတွင်ကျင်းပသည့် ကဏ္ဍအလိုက် စာတမ်းဖတ်ပွဲများတွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းနှင့် ဒုတိယဝန်ကြီး ဒေါက်တာရဲထွန်းဝင်း၊ စက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်း၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်းတို့ ဦးဆောင်သော သဘာပတိအဖွဲ့များက လယ်ယာ၊ သားငါး၊ စက်မှု၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ပို့ကုန်ကဏ္ဍတို့မှ နိုင်ငံ့ထုတ်ကုန် တိုးမြှင့်ရေးတို့အတွက် ကဏ္ဍအလိုက် လက်ရှိဆောင်ရွက်မှုအခြေအနေနှင့် ပြုပြင်ပြောင်းလဲမှုဆောင်ရွက်သင့်သည့် အခြေအနေများကို ဆွေးနွေးကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားကြသည်။



မွန်းလွဲပိုင်းတွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးစီး၍ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသော အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း၊ စက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံတို့ပါဝင်သော ဦးဆောင် သဘာပတိအဖွဲ့က အလုပ်ရုံဆွေးနွေးပွဲတွင် ကဏ္ဍအလိုက် ဖတ်ကြားခဲ့ကြသော စာတမ်းများအပေါ် သုံးသပ်ဆွေးနွေးကြပြီး မီဒီယာများ၏ မေးမြန်းချက်များကို ဖြေကြားကာ အကောင်အထည်ဖော် ဆောင်ရွက်သင့်သည့် ရှေ့လုပ်ငန်းစဉ်များကို အတည်ပြုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က နိဂုံးချုပ်အမှာစကား ပြောကြားပြီး "လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့" အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မဟာဗျူဟာမြောက် စွမ်းအင်စီမံကိန်းနှင့် အမြင်သစ်မြန်မာနိုင်ငံ၏ အနာဂတ် အပိုင်း(၃)

အပိုင်း (၁)နှင့် (၂)တွင် တောင်အမေရိကနှင့် တရုတ်နိုင်ငံတို့၏ ကမ္ဘာကျော် ရေအားလျှပ်စစ် စီမံကိန်းကြီးများဖြစ်သော အီတိုင်းပု (Itaipu) နှင့် မြစ်ကျဉ်းသုံးသွယ်ရေကာတာ (Three Gorges Dam) တို့၏ အောင်မြင်မှုများကို တင်ပြခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါစီမံကိန်းကြီးများသည် ခေတ်မီနည်းပညာကို အသုံးချကာ သဘာဝပတ်ဝန်းကျင်နှင့် လူသားတို့၏ လိုအပ်ချက်ကို မည်သို့ဟန်ချက်ညီအောင် ထိန်းညှိထားသည်ဆိုသော သင်ခန်းစာများ ကမ္ဘာကို ပြသနိုင်ခဲ့ပါသည်။

ယခုအပိုင်း(၃)နှင့် (၄)တွင်မူ အဆိုပါ နိုင်ငံတကာစံနမူနာများကိုအခြေခံ၍ မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍတွင် ကြီးမားသော အလှည့်အပြောင်းဖြစ်လာနိုင်သည့် **"မြစ်ဆုံစီမံကိန်း"** အပေါ် ဘက်စုံရှုထောင့်မှ အမြင်သစ်ဖြင့် ဆန်းစစ်ကြည့်ကြပါမည်။

ထိုမဟာဗျူဟာမြောက်စီမံကိန်းကြီးက နိုင်ငံ၏ တိုးပွားလာသော လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် အလားအလာရှိသကဲ့သို့ တစ်ဖက်တွင်လည်း သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားဘဝများအပေါ် သက်ရောက်နိုင်မှုများကြောင့် အထူးအရေးပါသော ဆွေးနွေးချက်တစ်ခု ဖြစ်နေပါသည်။ အီတိုင်းပုနှင့် မြစ်ကျဉ်းသုံးသွယ် စီမံကိန်းတို့မှရရှိသော အဆင့်မြင့်နည်းပညာဖြင့် ထိန်းကျောင်းမှုနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုမူဝါဒများကို သင်ခန်းစာယူကာ မြစ်ဆုံစီမံကိန်းကို ဖော်ဆောင်ရာတွင် နည်းပညာ၊ သဘာဝတရားနှင့် ပြည်သူတို့၏ အကျိုးစီးပွားကို မည်သို့ဟန်ချက်ညီအောင် ပေါင်းစပ်သင့်သည်ဆိုသည့်အချက်မှာ နိုင်ငံ၏ အနာဂတ်အတွက် အဓိကသော့ချက်ပင် ဖြစ်ပါသည်။

**မြန်မာနိုင်ငံ၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေး ခရီးစဉ်တွင် လျှပ်စစ်ဓာတ်အားသည် အခြေခံအကျဆုံးနှင့် အရေးအကြီးဆုံးသော မောင်းနှင်အားဖြစ်ပြီး နိုင်ငံတော်၏ စီးပွားရေးအဆောက်အအုံကို ပံ့ပိုးပေးနေသည့် စက်မှုလက်မှုလုပ်ငန်းများ၊ ကုန်ထုတ်လုပ်မှုကဏ္ဍများနှင့် ဝန်ဆောင်မှုလုပ်ငန်းများ အားလုံး၏ အသက်သွေးကြောပင် ဖြစ်ပါသည်။ တည်ငြိမ်ပြီး ဈေးနှုန်းချိုသာသော လျှပ်စစ်ဓာတ်အား ရရှိခြင်းသည် ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်ရုံသာမက အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကိုပါ အရှိန်အဟုန်ဖြင့် လည်ပတ်စေနိုင်သောကြောင့် နိုင်ငံ၏ စုစုပေါင်းပြည်တွင်းထုတ်ကုန် (GDP) ကို တိုက်ရိုက်မြှင့်တင်ပေးနိုင်မည် ဖြစ်ပါသည်။**

စီးပွားရေးကဏ္ဍအပြင် လျှပ်စစ်ဓာတ်အားသည် ပြည်သူတို့၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုဘဝအဆင့်အတန်း မြင့်မားလာစေရန်အတွက်လည်း အခြေခံအုတ်မြစ် ဖြစ်ပါသည်။ ခေတ်မီဆေးရုံများတွင် အသက်ကယ်စက်ကိရိယာများ မောင်းနှင်ရန်နှင့် ဆေးဝါးများ သိုလှောင်ရန်အတွက် တည်ငြိမ်သော လျှပ်စစ်မီးသည် အသက်သွေးကြောသဖွယ် အရေးပါသကဲ့သို့ ပညာရေးကဏ္ဍတွင်လည်း နည်းပညာသုံးသင်ကြားမှုစနစ်များကို အကောင်အထည်ဖော်နိုင်ရန် လျှပ်စစ်ဓာတ်အားက လမ်းစဖွင့်ပေးပါသည်။

မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍကို တော်လှန်ပြောင်းလဲပေးနိုင်မည့် မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်သော မဟာဗျူဟာမြောက် စီမံကိန်းတစ်ခုအဖြစ် ပေါ်ထွက်လာပါသည်။ မြစ်ဆုံစီမံကိန်းကဲ့သို့သော အကြီးစား စွမ်းအင်အရင်းအမြစ်များမှတစ်ဆင့် ကျေးလက်ဒေသများအထိ လျှပ်စစ်မီးပြည့်စုံစွာရရှိခြင်းဖြင့် ဒေသခံပြည်သူများ၏ လူနေမှုဘဝမှာ ပိုမိုဘေးကင်းလုံခြုံလာပြီး သတင်းအချက်အလက်နှင့် ဗဟုသုတများကို အချိန်နှင့်တစ်ပြေးညီရရှိနိုင်ခြင်းကြောင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုကို များစွာအထောက်အကူပြုမည် ဖြစ်ပါသည်။

မြစ်ဆုံစီမံကိန်းသည် မြန်မာနိုင်ငံ၏ အသက်သွေးကြောဖြစ်သော ဧရာဝတီမြစ်၏ မြစ်ဖျားခံရာ

> **"မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍကို တော်လှန်ပြောင်းလဲပေးနိုင်မည့် မြစ်ဆုံရေအား လျှပ်စစ်စီမံကိန်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်သော မဟာဗျူဟာမြောက်စီမံကိန်းတစ်ခုအဖြစ် ပေါ်ထွက်လာပါသည်။ မြစ်ဆုံစီမံကိန်းကဲ့သို့သော အကြီးစားစွမ်းအင်အရင်းအမြစ်များမှတစ်ဆင့် ကျေးလက်ဒေသများအထိ လျှပ်စစ်မီးပြည့်စုံစွာရရှိခြင်းဖြင့် ဒေသခံပြည်သူများ၏ လူနေမှုဘဝမှာ ပိုမိုဘေးကင်းလုံခြုံလာပြီး သတင်းအချက်အလက်နှင့် ဗဟုသုတများကို အချိန်နှင့်တစ်ပြေးညီရရှိနိုင်ခြင်းကြောင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုကို များစွာအထောက်အကူပြုမည်"**

ကချင်ပြည်နယ်၌ တည်ဆောက်ရန် ရည်ရွယ်ခဲ့သည့် ရေပမရေအားလျှပ်စစ်စီမံကိန်းတစ်ခု ဖြစ်ပါသည်။ အဆိုပါ အကြီးစားစွမ်းအင်စီမံကိန်းသည် တပ်ဆင်စက်အင်အား မဂ္ဂါဝပ် ၆၀၀၀ ကျော်ဖြင့် နိုင်ငံ၏ စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့်အပြင် ပိုလျှံသော လျှပ်စစ်ကို ပြည်ပသို့ တင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေအမြောက်အမြား ရှာဖွေပေးနိုင်မည့် စီးပွားရေးအလားအလာများ ရှိနေပါသည်။ နိုင်ငံတစ်နိုင်ငံ၏ အခြေခံအဆောက်အအုံများ ခိုင်မာစေရန်နှင့် နည်းပညာခေတ်သို့ လှမ်းတက်နိုင်ရန်အတွက် ယင်းသို့သော အင်အားကြီးမားသည့် စွမ်းအင်ဗဟိုချက်များမှာ မရှိမဖြစ် လိုအပ်လှပါသည်။

ကမ္ဘာ့တစ်ဝန်းရှိ နိုင်ငံအသီးသီးသည် မိမိတို့နိုင်ငံ၏ ပထဝီဝင်အနေအထားနှင့် သယံဇာတအပေါ်မူတည်၍ လျှပ်စစ်ထုတ်လုပ်ရာတွင် တရုတ်နိုင်ငံ၏ မြစ်ကျဉ်းသုံးသွယ်ရေကာတာသည် မဂ္ဂါဝပ် ၂၂၅၀၀ ကျော် ထုတ်လုပ်ပေးကာ နိုင်ငံ၏စက်မှုကဏ္ဍကို အကြီးအကျယ် ပံ့ပိုးပေးနေသကဲ့သို့ မြန်မာနိုင်ငံအတွက်လည်း မြစ်ဆုံစီမံကိန်းက ထိုကဲ့သို့သော အကျိုးကျေးဇူးများကို ဆောင်ကြဉ်းပေးနိုင်ပါသည်။ စိုက်ပျိုးရေးကဏ္ဍမှသည် အဆင့်မြင့်စက်မှုလုပ်ငန်းများအထိ နယ်ပယ်စုံတွင် စီမံကိန်းမှရရှိသည့် လျှပ်စစ်စွမ်းအားကို ထိရောက်စွာ အသုံးပြုနိုင်ခြင်းသည် နိုင်ငံတော်၏ ဆင်းရဲနွမ်းပါးမှုကို လျှော့ချပေးပြီး သာယာဝပြောသော လူ့ဘောင်လောကကို ဖန်တီးပေးနိုင်မည် ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ စက်မှုကဏ္ဍနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် လျှပ်စစ်ဓာတ်အားသည် အသက်သွေးကြောပင် ဖြစ်ပါသည်။

သို့သော် ယင်းကဲ့သို့ အတိုင်းအတာကြီးမားသည့် စီမံကိန်းကြီးတစ်ခုမှရရှိမည့် စီးပွားရေးအကျိုးကျေးဇူးများမှာ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်အပေါ် တာဝန်ယူမှုရှိသော စီမံခန့်ခွဲမှုများနှင့် ပေါင်းစပ်နိုင်မှသာ ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုကို ဖော်ဆောင်နိုင်မည် ဖြစ်ပါသည်။ ထို့ကြောင့် မြစ်ဆုံစီမံကိန်းကို အကောင်အထည်ဖော်ရာတွင် စီးပွားရေးအရ တွက်ခြေကိုက်ရုံသာမက ဧရာဝတီမြစ်၏ သဘာဝအလှတရားနှင့် ဂေဟစနစ်ကို နောင်လာနောက်သားများအတွက် မထိခိုက်စေရန် ခေတ်မီအင်ဂျင်နီယာ အတတ်ပညာများကို အခြေခံ၍ စနစ်တကျ ဒီဇိုင်းထုတ်တည်ဆောက်သွားရန် လိုအပ်ပါသည်။

အထူးသဖြင့် မြစ်ဆုံစီမံကိန်းတွင် သဘာဝဂေဟစနစ် ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် မြစ်၏ မူလရေစီးဆင်းမှုနှုန်း (Natural Water Flow) ကို တိကျစွာထိန်းညှိခြင်းသည် အခြေခံအကျဆုံးနှင့် အရေးကြီးဆုံးသော နည်းပညာရပ်တစ်ခု ဖြစ်ပါသည်။ စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် စီမံကိန်းမစတင်မီကရှိခဲ့သော မူလရေစီးဆင်းမှု အခြေအနေများနှင့် စီမံကိန်းလည်ပတ်ချိန်အတွင်း စီးဆင်းမည့် ရေပမာဏတို့ကို ခေတ်မီတိုင်းတာရေး ကိရိယာများဖြင့် စနစ်တကျ နှိုင်းယှဉ်တွက်ချက်သွားရမည် ဖြစ်ပါသည်။

မြစ်ဖျားခံရာမှ စီးဆင်းလာသော ရေစီးနှုန်းနှင့် ရေပမာဏကို အချိန်နှင့်တစ်ပြေးညီ တိကျစွာ တိုင်းတာတွက်ချက်ပြီး ရရှိလာသော အချက်အလက်များကိုအခြေခံ၍ မြစ်အောက်ပိုင်းသို့ စီမံကိန်းမတိုင်မီကဲ့သို့သော မူလရေစီးဆင်းမှု အခြေအနေများနှင့် ထပ်တူညီစွာ ပြန်လည်စီးဆင်းစေရန် စနစ်တကျ ဖန်တီးပေးခြင်းဖြင့် အမိဧရာဝတီမြစ်၏ ဂေဟစနစ်နှင့် ရေဝေရေလဲဒေသများကို ထိရောက်စွာကာကွယ်ထိန်းသိမ်းနိုင်မည် ဖြစ်ပါသည်။ ရေစီးဆင်းမှုပမာဏနှင့် နှုန်းထားကို မူလသဘာဝအတိုင်းတည်ငြိမ်အောင် ထိန်းညှိပေးခြင်းသည် မြစ်ကြောင်းတစ်လျှောက်ရှိ ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်ရှင်သန်ရေး၊ ဒေသခံပြည်သူတို့၏ စိုက်ပျိုးရေးရရှိမှုနှင့် ရေကြောင်းသွားလာရေးတို့အတွက် အကောင်းဆုံးသော အာမခံချက်ပင် ဖြစ်ပါသည်။

ရေနေသတ္တဝါများနှင့် ငါးမျိုးစိတ်များ ပြုန်းတီးမှုကို ကာကွယ်ရန်အတွက် ဆည်၏ ပင်မရေတံခါးပေါက်များမှမဟုတ်ဘဲ သီးသန့်ဖန်တီးထားသော သဘာဝရေစီးဆင်းပေါက်များကို အသုံးပြုရန် လိုအပ်ပါသည်။ အဆိုပါနည်းလမ်းသည် လျှပ်စစ်ထုတ်ယူသည့် စက်ယန္တရားများ၏ ဘေးအန္တရာယ်

## ကောင်းပြည့်

မရှိဘဲ ငါးများအတွက် လိုအပ်သော အောက်ဆီဂျင်နှင့် အာဟာရဓာတ်များကို မြစ်အောက်ပိုင်းအထိ အဆက်မပြတ်ရောက်ရှိစေကာ ဂေဟစနစ်၏ ကွင်းဆက်ကို မပြတ်တောက်အောင် ထိန်းသိမ်းပေးနိုင်ပါသည်။ ယင်းကဲ့သို့ ဆောင်ရွက်ခြင်းသည် ဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို ဟန်ချက်ညီညီ ပေါင်းစပ်ဖော်ဆောင်ခြင်းပင် ဖြစ်ပါသည်။

ငါးသယံဇာတများကို ကာကွယ်ရန်အတွက် နိုင်ငံတကာ စံနမူနာဖြစ်သည့် အီတိုင်းပုစီမံကိန်း၏ ငါးကူးလမ်းကြောင်း နည်းပညာမှာ အလွန်ပင်ထိရောက်လှပါသည်။ အဆိုပါ ဂေဟစနစ်အထောက်အကူပြုလမ်းကြောင်းများကို မြစ်ဆုံစီမံကိန်းတွင် ထည့်သွင်းတည်ဆောက်ပေးခြင်းဖြင့် ငါးများ ဘေးကင်းစွာ ကူးခတ်သွားလာနိုင်စေမည် ဖြစ်ပါသည်။ ဘေးထွက်လမ်းကြောင်းများသည် ဆည်နံရံကို ကျော်လွန်၍ မျိုးစိတ်များအတွက် ခိုလှုံရာနေရာသစ်တစ်ခု ဖြစ်လာစေပြီး မြစ်၏ ဇီဝမျိုးစုံမျိုးကွဲကို ဆက်လက်ရှင်သန်စေမည် ဖြစ်ပါသည်။

စီမံကိန်း၏ ဘေးထွက်လမ်းကြောင်းများတွင် သဘာဝအတိုင်း ကျောက်တုံးများနှင့် အပင်များ ထည့်သွင်းခြင်းဖြင့် ငါးများအတွက် ခိုလှုံရာသစ်များ ဖန်တီးပေးခြင်းသည် အင်ဂျင်နီယာအတတ်ပညာနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးပညာတို့ကို ပေါင်းစပ်ခြင်းပင် ဖြစ်ပါသည်။ ယင်းကဲ့သို့ နည်းပညာ အဆင့်မြင့်စွာ ဆောင်ရွက်ခြင်းဖြင့် မြစ်ဆုံစီမံကိန်းသည် နိုင်ငံအတွက် လိုအပ်သော စွမ်းအင်ကို ရရှိစေရုံသာမက တန်ဖိုးကြီးလှသော ဧရာဝတီမြစ်၏ ဂေဟစနစ်ကိုလည်း နောင်လာနောက်သားများအတွက် အကောင်းဆုံး ကာကွယ်ပေးနိုင်မည် ဖြစ်ပါသည်။

ဆည်တမံများ တည်ဆောက်လိုက်သည့်အခါ မြစ်ညာပိုင်းမှ စီးဆင်းလာသော မြေဆီလွှာနှင့် နုန်းမြေများ ပိတ်မိသွားတတ်သည့် ပြဿနာကိုလည်း နည်းပညာဖြင့် ဖြေရှင်းနိုင်ပါသည်။ နုန်းထုတ်ပြွန်များကို ဆည်၏ အောက်ခြေနားတွင် စနစ်တကျ ထည့်သွင်းတည်ဆောက်ခြင်းဖြင့် မြစ်အောက်ပိုင်းရှိ လယ်ယာမြေများသို့ သဘာဝမြေသြဇာဓာတ်များ ပုံမှန်ရောက်ရှိအောင် ဆောင်ရွက်ပေးနိုင်ပါသည်။ ယင်းသို့သော နုန်းမြေထိန်းညှိမှုစနစ်သည် မြစ်ဝကျွန်းပေါ်ဒေသရှိ စိုက်ပျိုးရေးလုပ်ငန်းများကို အကျိုးပြုစေရုံသာမက မြေတိုက်စားမှုပြဿနာများကိုပါ ကာကွယ်ပေးနိုင်မည် ဖြစ်ပါသည်။

သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့စေရန်အတွက် အီတိုင်းပုစီမံကိန်းကဲ့သို့ ဆည်ပတ်လည်၌ သစ်တောများ ပြန်လည်စိုက်ပျိုးခြင်းကိုလည်း အလေးထားဆောင်ရွက်ရမည် ဖြစ်ပါသည်။ ဆည်ပတ်လည်၌ အစိမ်းရောင်ဇုန်များ သီးသန့်သတ်မှတ်ကာ သစ်ပင်ပေါင်း သန်းနှင့်ချီ၍ စိုက်ပျိုးမည်ဆိုပါက မြေဆီလွှာတိုက်စားမှုကို ကာကွယ်ပေးသဖြင့် ဆည်အတွင်း နုန်းဝင်ရောက်မှုကို လျှော့ချပေးကာ ဆည်၏သက်တမ်းကို ရှည်ကြာစေမည် ဖြစ်ပါသည်။ ယင်းကဲ့သို့ ဂေဟစနစ်ကို ပြန်လည်အားဖြည့်ပေးခြင်းမှာ လျှပ်စစ်ဓာတ်အား ရရှိရုံသာမက တန်ဖိုးမဖြတ်နိုင်သော သဘာဝတောတောင်များကိုပါ ကာကွယ်ခြင်း ဖြစ်ပါသည်။

❑ မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card ၊ Mobile Payment Account ၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ဆက်လက်ကျင်းပ

**နေပြည်တော်  စက်တင်ဘာ  ၂၂**

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန် အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီက တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးဒုတိယနေ့သို့တက်ရောက်ခွင့်ရှိသည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးရေ ၃၅၁ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၃၃၅ ဦး တက်ရောက်သဖြင့် တက်ရောက်မှုရာခိုင်နှုန်း ၉၅ ဒသမ ၄၄ ရှိသည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပြီး အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ အတည်ပြုမှတ်တမ်းတင်သည်။

ဦးစွာ ဘိုကလေးမဲဆန္ဒနယ်မှ ဦးစန်းမောင်၏ **ဧရာဝတီတိုင်းဒေသကြီး၌ ခါတ်မြေဩဇာစက်ရုံကို မည်သည့်ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးနိုင်မည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်နိုင်ဝင်းက လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်တွင် ခါတ်မြေဩဇာစက်ရုံ တည်ဆောက်ရန်ကိစ္စနှင့်စပ်လျဉ်း၍ အရည်အသွေးပြည့်မီသော သဘာဝခါတ်ငွေ့ရရှိနိုင်မှု အခြေအနေနှင့် သဘာဝခါတ်ငွေ့ပိုက်လိုင်း ချိတ်ဆက်နိုင်မှုအခြေအနေများအရ လတ်တလောတွင် တည်ဆောက်ပေးနိုင်ခြင်းမရှိသေးပါကြောင်း၊ ပြည်တွင်းမှ သဘာဝခါတ်ငွေ့များတိုးမြင့်ရရှိလာမှုနှင့်အတူ သဘာဝခါတ်ငွေ့ပိုက်လိုင်းများ တည်ဆောက်ပြီးစီးပါက နယ်မြေဒေသ၏ လိုအပ်ချက်နှင့် ဈေးကွက်ဖြစ်ထွန်းမှုအခြေအနေအလိုက် ခါတ်မြေဩဇာစက်ရုံအသစ်များ တည်ဆောက်ခြင်းကို ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

လပွတ္တာမဲဆန္ဒနယ်မှ ဦးဝင်းဆွေ (ခ) ဦးဝင်းရွှေ၏ **လပွတ္တာမြို့နယ်အတွင်းရှိ လယ်ယာလုပ်ငန်းခွင်များနှင့် ရေယာဉ်များတွင် အသုံးပြုရန်အတွက် စက်သုံးဆီအား လွယ်ကူအဆင်ပြေစွာ ဝယ်ယူသုံးစွဲနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်နိုင်ဝင်းက လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် လပွတ္တာမြို့နယ် အပါအဝင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိလယ်ယာလုပ်ငန်းခွင်များနှင့် ရေယာဉ်များတွင် အသုံးပြုရန်အတွက် စက်သုံးဆီအား လွယ်ကူအဆင်ပြေစွာ ဝယ်ယူသုံးစွဲနိုင်ရေး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနနှင့် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့တို့အနေဖြင့် ဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်းနှင့် လိုအပ်ချက်နှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မူဆယ်မဲဆန္ဒနယ်မှ ဦးအောင်ဇော်မိုး(ခ) အောင်ဇော်မိုးထွန်း၏ **မူဆယ်မြို့တွင် စက်သုံးဆီဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူအသုံးပြုနိုင်ရန်အတွက် စက်သုံးဆီကို တရုတ်နိုင်ငံမှ တင်သွင်းနိုင်ရေး သွင်းကုန်လိုင်စင်အားမည်သည့်အချိန်တွင် စတင်ချထားပေးမည်၊ အစီအစဉ်မရှိပါက မည်သည့်အတွက်ကြောင့်ဖြစ်သည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်နိုင်ဝင်းက လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် မူဆယ်ကုန်သွယ်ရေးလမ်းကြောင်း၏ လက်ရှိနယ်မြေ အခြေအနေများကြောင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း စက်သုံးဆီတင်သွင်းရန် အခက်အခဲများရှိနေသော်လည်း ယခင်တင်သွင်းခဲ့မှုအခြေအနေအရလည်းကောင်း၊ အခြားနယ်စပ်စခန်းများမှ တင်သွင်းနိုင်မှု အခြေအနေများအရလည်းကောင်း စိစစ်၍ ပြန်လည်တင်သွင်းခွင့်ပြုနိုင်ရန် တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။



ခနုဖြူမဲဆန္ဒနယ်မှ ဦးနိုင်ဝင်း၏ **ခနုဖြူမြို့နယ် ဖန်ခါးကွင်း ကျွဲတလင်းနှင့် ညောင်ကုန်းကျေးရွာချင်းဆက်လမ်းအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပြုပြင်ပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးက ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ခနုဖြူမြို့နယ်ရှိ ဖန်ခါးကွင်း-ကျွဲတလင်း-ညောင်ကုန်းကျေးရွာချင်းဆက် မြေသားလမ်း ၂ မိုင် ၁ ဖာလုံရှိသည့်အနက် ကျောင်းစုကျေးရွာအုပ်စုမှ ဖန်ခါးကွင်းကျေးရွာ၊ ကျွဲတလင်းကျေးရွာ၊ ညောင်ကုန်းကျေးရွာတို့၏ ရွာချင်းဆက်မြေသားလမ်းသည် အရှည်ပေ ၈၅၀၀ ရှိပြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသောလမ်းစာရင်းတွင် ပါဝင်ခြင်းမရှိသေးသည့်အတွက် ဌာနပိုင်လမ်းစာရင်းတွင် ထည့်သွင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

အဆိုပါလမ်းမှာ အကျယ် ၁၅ ပေခန့်သာရှိသော မြေသားလမ်းဖြစ်သည့်အတွက် လိုအပ်သော လမ်းအကျယ်ရရှိသည်အထိ လမ်းတာပေါင်ချဲ့ခြင်းလုပ်ငန်းအား ဦးစွာဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ အဆိုပါလမ်းအား ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေ အကန့်အသတ်အတွင်းမှ ပြင်ဆင်ပေးသွားမည်ဖြစ်ပြီး ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်ရန် ထပ်မံလိုအပ်ပါက ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ကျန်အပိုင်းများအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မာန်အောင်မဲဆန္ဒနယ်မှ ဦးကျော်သန်း၏ **မာန်အောင်မြို့နယ် ဆင်နားချောင်ကျေးရွာမှ ဒိုးတန်းကျေးရွာအထိ ကျန်ကျောက်ချောလမ်းအား ကွန်ကရစ်လမ်းအဖြစ် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် မာန်အောင်မြို့နယ် ဆင်နားချောင်ကျေးရွာမှ ဒိုးတန်းရွာထိ လမ်းပိုင်းသည် စုစုပေါင်းအရှည် ၆ မိုင် ၄ ဒသမ ၁၅ ဖာလုံရှိပြီး ဆင်နားချောင်ကျေးရွာမှ လက်မဲပြင်ကျေးရွာအထိလမ်းမှာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ စီမံခန့်ခွဲသောလမ်းပိုင်းဖြစ်ပါကြောင်း။

သိမ္ဗလ - ဆင်နားချောင် - ကင်းတဲ - လက်မဲပြင်အထိ လမ်းအရှည် ၅ မိုင် ဝ ဒသမ ၁၅ ဖာလုံရှိရာ လက်ရှိလမ်းအခြေအနေမှာ ၁၂ ပေ ကွန်ကရစ်လမ်း ၁ မိုင် ၃ ဒသမ ၃၅ ဖာလုံနှင့် ကျောက်ချောလမ်း ၃ မိုင် ၄ ဒသမ ၈ ဖာလုံဖြစ်ပြီး ပျက်စီးနေသော လမ်းပိုင်း ၃ မိုင် ၂ ဒသမ ၃ ဖာလုံအား ဖြူန်းကျောက်စရစ်ခင်း ပြုပြင်ခြင်းလုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ပြည်နယ်ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေကျပ် ၃၈ ဒသမ ၇ သန်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကျန်ရှိလမ်းပိုင်းအနက် ၂ ဒသမ ၅ ဖာလုံကို ကွန်ကရစ်လမ်းအဖြစ် လာမည့်ဘဏ္ဍာနှစ်တွင် ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ ဦးစားပေးအလိုက် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

လက်မဲပြင် - ဒိုးတန်း - နဂါးလမ်းအထိ လမ်းအရှည် ၄ မိုင် ၄ ဖာလုံရှိပြီး သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသော Class (B) အဆင့်လမ်းဖြစ်ပါကြောင်း၊ လက်မဲပြင်ကျေးရွာမှ ဒိုးတန်းကျေးရွာအထိ ကျောက်ချောလမ်း ၁ မိုင် ၄ ဖာလုံရှိပြီး ရာသီမရွေးသွားလာနိုင်သောလမ်းဖြစ်၍ ပြင်ဆင်ထိန်းသိမ်းရန်လိုအပ်ပါက ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေ အကန့်အသတ်အတွင်းမှ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

ဒိုးတန်းကျေးရွာမှ နဂါးကျေးရွာအထိ မြေသားလမ်း ၃ မိုင်ရှိပြီး ရာသီမရွေးသွားလာနိုင်သော လမ်းအဖြစ် ဆောင်ရွက်လျက်ရှိရာ မြေသားလမ်း ၃ မိုင်အနက် ၁ မိုင်အား ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် လျာထားတင်ပြသွားမည်ဖြစ်ပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ပူတာအိုမဲဆန္ဒနယ်မှ ဦးရားနီ၏ **ပူတာအိုမြို့နယ် ပန်းလှိုင်ရပ်ကွက်နှင့် ပူတောင်းကျေးရွာဆက်လမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက ကချင်ပြည်နယ် ပူတာအိုမြို့နယ်ရှိပန်းလှိုင်-ပူတောင်း-မုဒုံလမ်းသည် စုစုပေါင်းလမ်းအရှည် ၂ မိုင် ၇ ဖာလုံရှိပြီး ပြည်နယ်မှ စီမံခန့်ခွဲသော Class (A) အဆင့် ကျောက်ချောလမ်းဖြစ်ပါကြောင်း၊ ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် စုစုပေါင်းလမ်းအရှည် ၂ မိုင် ၇ ဖာလုံအနက် ၄ ဖာလုံ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို လျာထားတင်ပြသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုးညှင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်း၏ **မိုးညှင်းမြို့နယ်၊ မိုးညှင်း - ညောင်ကိုင်း - ကာတူလမ်းပေါ်တွင် သံကူကွန်ကရစ် နန့်ရင်းချောင်းကူးတံတား တစ်စင်းအား မည်သည့်ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးနိုင်မည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက မိုးညှင်းမြို့နယ် မိုးညှင်း-ကာဒူ-ညောင်ကိုင်းလမ်းပေါ်တွင် ဆွစ်ဇာလန်နိုင်ငံမှ လှူဒါန်းထားသော အရှည် ၂၁၁ ပေ၊ အကျယ် ၅ ပေရှိ သံမဏိကြိုးဆိုင်းတံတား တည်ရှိပါကြောင်း၊ မိုးတွင်းကာလမှအပ ကျန်ကာလများတွင် ချောင်းအတွင်းမှ ယာဉ်များသွားလာနိုင်ပြီး ကြိုးတံတားအပေါ်မှ လူနှင့် ဆိုင်ကယ်များ အန္တရာယ်ကင်းစွာ သွားလာနိုင်ပါကြောင်း။

ညောင်ကိုင်းနှင့် ကာဒူကျေးရွာတို့သည် ရာသီမရွေး သွားလာနိုင်ခြင်း၊ ဆက်သွယ်ရေး ပြတ်တောက်မှု မရှိခြင်း၊ အကျိုးပြုရလဒ်အနေဖြင့် ကျေးရွာ နှစ်ရွာ၊ အိမ်ခြေ ၄၆၅ အိမ်၊ လူဦးရေ ၂၄၀၀၊ စိုက်ပျိုးဧက၊ ပညာရေးအနေဖြင့် အလယ်တန်းကျောင်း နှစ်ကျောင်းရှိပြီး ကျန်းမာရေးအနေဖြင့် မိုးညှင်းမြို့သို့ ၅ မိုင်သာ ကွာဝေးပြီး ရာသီမရွေးသွားလာနိုင်သော ကွန်ကရစ်လမ်း၊ ကတ္တရာလမ်းမကြီးများမှတစ်ဆင့် အသုံးပြုသွားလာနိုင်ပါကြောင်း။

သို့ဖြစ်ပါ၍ အဆိုပါတံတားသည် ဒုတိယဦးစားပေးလမ်းပေါ်တွင် တည်ရှိသဖြင့် သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးနိုင်ရန် လတ်တလော ဦးစားပေးအစီအစဉ်တွင် မပါဝင်သေးပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုင်းရှူးမဲဆန္ဒနယ်မှ ဦးစိုင်းကံ၏ **မိုင်းရှူးမြို့နယ်၌ အားကစားကွင်း ပွဲကြည့်စင်အား မည်သည့်ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီက နိုင်ငံတော်အကြီးအကဲက ပြည်သူများ၏ ရုပ်ပိုင်း/စိတ်ပိုင်းဆိုင်ရာ တိုးတက်မြင့်မားရေးနှင့်ပတ်သက်၍ ဒေသအလိုက် အားကစားပြိုင်ပွဲများကျင်းပပြုလုပ်ပေးရန်နှင့် အားကစားကွင်းများ စနစ်တကျဖြစ်စေရေး ဆောင်ရွက်ပေးရန် လမ်းညွှန်ချက်အရ အားကစားရေးရာဝန်ကြီးဌာနအနေဖြင့် စံချိန်စံညွှန်းမီ အားကစားကွင်း၊ အားကစားရုံများနှင့် ဒေသတွင်းအားကစားပြိုင်ပွဲများ ကြည့်ရှုအားပေးနိုင်ရေးအတွက် ပွဲကြည့်စင်များကို ဖြည့်ဆည်းဆောက်လုပ်ပေးလျက်ရှိပါကြောင်း။

ရှမ်းပြည်နယ် မိုင်းရှူးမြို့နယ်တွင် လူဦးရေ ၁၇၄၆၄၀ ရှိပြီး မြေဧရိယာ ၄ ဒသမ ၆၅ ဧကရှိ မိုင်းရှူးမြို့နယ်အားကစားကွင်းမှာ နှစ်(၃၀) မြေဂရန် ရရှိထားပြီးဖြစ်ပါကြောင်း၊ အဆိုပါ အားကစားကွင်းအတွင်း အလျား ပေ ၁၃၀၊ အနံပေ ၃၀ ရှိ ကွန်ကရစ်ပွဲကြည့်စင် နှစ်ထပ် တည်ဆောက်ရန်အတွက် ခန့်မှန်းကုန်ကျငွေ ကျပ်သန်း ၁၁၇၀ အား အနီးစပ်ဆုံးဘဏ္ဍာရေးနှစ်၏ ပြည်ထောင်စုငွေလုံးငွေရင်း အသုံးစရိတ်ရန်ပုံငွေစာရင်းတွင် ထည့်သွင်းလျာထားတင်ပြတောင်းခံပေးသွားမည်ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုးကောင်းမဲဆန္ဒနယ်မှ ဦးထွန်းထွန်းအောင်၏ **မိုးကောင်းမြို့ မြို့နယ်အားကစားကွင်း မိုးလုံလေလုံအားကစားခန်းမ အောက်ခင်းကြမ်းပြင်ပြုပြင်ပေးရန်နှင့် ဘောလုံးကွင်းပွဲကြည့်စင်တစ်ခု ထပ်မံဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးညီညီက ကချင်ပြည်နယ် မိုးကောင်းမြို့နယ်အားကစားကွင်း မိုးလုံလေလုံအားကစားခန်းမ၏ ပျက်စီးနေသော အောက်ကြမ်းခင်းပြုပြင်နိုင်ရေးအတွက် ခန့်မှန်းကုန်ကျငွေကျပ်သန်း ၅၄၀ နှင့် အထူးတန်းပွဲကြည့်စင်၏ ဘယ်ဘက်တွင် ရိုးရိုးတန်းပွဲကြည့်စင် အလျား ပေ ၈၀၊ အနံပေ ၃၀ တစ်ခုအား တည်ဆောက်နိုင်ရန်အတွက် ခန့်မှန်းကုန်ကျငွေကျပ် ၅၆၄ သန်း၊ စုစုပေါင်း ခန့်မှန်းကုန်ကျငွေကျပ် ၁၁၀၄ သန်းတို့အား အနီးစပ်ဆုံး ဘဏ္ဍာရေးနှစ်၏ ကချင်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန ငွေလုံးငွေရင်းအသုံးစရိတ် ခွင့်ပြုရန်ပုံငွေစာရင်းတွင် ထည့်သွင်းလျာထားနိုင်ရေးအတွက် ကချင်ပြည်နယ် အစိုးရအဖွဲ့ထံ တင်ပြခွင့်ပြုချက်ရယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ခွင့်ပြုချက်ရရှိပါကဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

တနိုင်းမဲဆန္ဒနယ်မှ ဦးမြင့်ကို၏ **တနိုင်းမြို့နယ် ကင်ဆားရာရပ်ကွက် ပြည်သူ့အားကစားကွင်း၌ ဘောလုံးကွင်းပတ်လမ်း၊ ပွဲကြည့်စင်၊ လူငယ်လေ့ကျင့်ရေး ဘောလုံးကွင်းနှင့် ဖူဆယ်ဘောလုံးကွင်းရုံတို့ကို တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးညီညီက ကချင်ပြည်နယ် တနိုင်းမြို့နယ် ကင်ဆားရာရပ်ကွက် ပြည်သူ့အားကစားကွင်းအတွင်းတွင် အားကစားခန်းမ၊ အထူးတန်းပွဲကြည့်စင်၊ စကိုးဘုတ်နှင့် ရုံးအဆောက်အအုံများ ဆောက်လုပ်ထားရှိပြီး စုစုပေါင်းမြေဧရိယာ အလျားပေ ၄၈၀၊ အနံပေ ၃၇၀ သာကျန်ရှိသည့်အတွက် တနိုင်းအားကစားကွင်းအတွင်း မီတာ ၄၀၀ ပြေးလမ်းပါ

*စာမျက်နှာ ၈ သို့*

*စာမျက်နှာ ၇ မှ*

ဘောလုံးကွင်းဖောက်လုပ်ရန်အတွက် မြေဧရိယာ လုံလောက်မှုမရှိပါသဖြင့် ဆောင်ရွက်ပေး၍ မရနိုင်ပါကြောင်း၊ မြေဧရိယာအကျယ်အဝန်း အလျား ၆၂ ပေ၊ အနံ ၃၃၄ ပေ ရှိမှသာ မီတာ ၄၀၀ ပြေးလမ်းပါ အားကစားကွင်းအဖြစ် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း။

တနိုင်းမြို့နယ်အားကစားကွင်းအတွင်း လက်ရှိပွဲကြည့်စင် (ပေ ၁၀၀ ၊ ပေ ၄၀ ) အား ၂၀၁၆–၂၀၁၇ ဘဏ္ဍာရေးနှစ် ကချင်ပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာန ငွေလုံးငွေရင်းအသုံးစရိတ်ခွင့်ပြုရန်ပုံငွေမှ ငွေကျပ်သန်း ၉၀ ဖြင့် တည်ဆောက်ခဲ့ပြီးဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ တနိုင်းမြို့နယ် အားကစားကွင်း ရှိးရိုးတန်းပွဲကြည့်စင် (ပေ ၁၀၀၊ ပေ ၄၀ ) တည်ဆောက်ခြင်းလုပ်ငန်းအတွက် ခန့်မှန်းကုန်ကျငွေကျပ် သန်း ၇၂၀ နှင့် ဖူဆယ်အားကစားရုံ (ပေ ၁၅၀၊ ပေ ၁၁၀) တည်ဆောက်ခြင်းလုပ်ငန်းအတွက် ခန့်မှန်းကုန်ကျငွေကျပ် သန်း ၃၃၀၀၊ စုစုပေါင်း ငွေကျပ်သန်း ၄၀၂၀ တို့အား ဦးစားပေးအလိုက် အနီးစပ်ဆုံးဘဏ္ဍာရေးနှစ်၏ ကချင်ပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာန ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေတွင် ထည့်သွင်းလျာထားနိုင်ရေးအတွက် ကချင်ပြည်နယ်အစိုးရအဖွဲ့ထံ တင်ပြခွင့်ပြုချက်ရယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ခွင့်ပြုချက်ရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ပေါင်းစပ်ဖြေကြားချက်နှင့်အတူ ရှင်းလင်းဖြေကြားသည်။

မကွေးမဲဆန္ဒနယ်မှ ဦးစိုးတင့်နိုင်၏ **မကွေးမြို့နယ်တွင် အားကစားနှင့်ကာယပညာသိပ္ပံကျောင်းအား မည်သည့်ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးညီညီက အားကစားရေးရာဝန်ကြီးဌာနအနေဖြင့် မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်တွင် အားကစားနှင့်ကာယပညာသိပ္ပံကျောင်း တည်ဆောက်ထားခြင်းမရှိသေးသည့်အတွက် ဖွင့်လှစ်နိုင်ရန် ပထမဦးစားပေးမြေနေရာနှင့် ဒုတိယဦးစားပေးမြေနေရာများကို လျာထားခဲ့ပါကြောင်း။

အဆိုပါလျာထားမြေနေရာ နှစ်ခုအနက် ပထမဦးစားပေးမြေနေရာအား အားကစားရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနပိုင်မြေပိုင်ဆိုင်မှုရရှိစေရေးအတွက် ဆောင်ရွက်ခဲ့ရာ နိုင်ငံတော်သမ္မတရုံးမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ခွင့်ရရှိခဲ့ပြီး အားကစားရေးရာဝန်ကြီးဌာနပိုင် အခမဲ့မြေလွှဲမိန့်ရရှိရေးအတွက် တစ်နှစ်အတွင်းရေးဆွဲထားသော မြေစာရင်းပုံစံ(၁၀၅/၁၀၆) လိုအပ်သည့်အတွက် ရေးဆွဲ၍ မြို့နယ်မြေစာရင်းဦးစီးဌာနသို့ တင်ပြဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ မကွေးမြို့နယ် သပြေစမ်းကျေးရွာအုပ်စု ကွင်းအမှတ် (၁၆၇၀–ဂ)၊ အကွက် အမည် (တာလမ်းတောင်ကွင်း)၊ မြေဧရိယာ ၅၂ ဒသမ ၀၉ ဧကအား အားကစားရေးရာဝန်ကြီးဌာနပိုင် အခမဲ့မြေလွှဲမိန့်ရရှိပြီးပါက အားကစားနှင့် ကာယပညာသိပ္ပံကျောင်း တည်ဆောက်နိုင်ရေးအတွက် နီးစပ်ရာဘဏ္ဍာရေးနှစ်၏ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ စာရင်းတွင် လျာထားတင်ပြတောင်းခံပေးသွားမည်ဖြစ်ပါကြောင်းနှင့် ခွင့်ပြုရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

လက်ပံတန်းမဲဆန္ဒနယ်မှ ဦးကျော်သူရ၏ **လက်ပံတန်းမြို့နယ် အုန်းကုန်းရွာတွင် မြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျမှု ကာကွယ်ထိန်းသိမ်းရေးအတွက် စီမံချက်များအား လာမည့်ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းလူက လက်ပံတန်းမြို့နယ် ကွမ်းသီးတပင်ကျေးရွာအုပ်စု အုန်းကုန်းရွာအနီး ကမ်းပြိုကမ်းစားမှု ကာကွယ်နိုင်ရေးအတွက် ၂၀၂၅–၂၀၂၆ ဘဏ္ဍာရေးနှစ်နှင့် ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ်တို့တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ရေလမ်းကြောင်း ပြောင်းလဲမှုအရ ဆက်လက်ဆောင်ရွက်ရန်ကျန်ရှိသည့် လုပ်ငန်းများအတွက် ကွင်းဆင်းတိုင်းတာ စစ်ဆေးပေးသွားမည်ဖြစ်ပါကြောင်း၊ ကွင်းဆင်းတိုင်းတာ စစ်ဆေးချက်အပေါ် မူတည်၍ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေတွင် လျာထားနိုင်ရေး တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေရရှိပါက ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

သရက်ချောင်းမဲဆန္ဒနယ်မှ ဦးရဲထွန်းဝင်း၏ **သရက်ချောင်းမြို့နယ် ဆင်ဖြူပြင်ရပ်ကွက်ရှိ ဆင်ဖြူပြင် ဆိပ်ခံဇောတံတားအား သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးထွန်းလူက ဆင်ဖြူပြင်ဆိပ်ခံ ဇောတံတားအား သံကူကွန်ကရစ်ဆိပ်ခံတံတားအဖြစ်ပြောင်းလဲတည်ဆောက်ရန်အတွက် နယ်မြေလုံခြုံရေးအခြေအနေ ကောင်းမွန်လာချိန်တွင် မြေပြင်ကွင်းဆင်းစစ်ဆေး၍ ဖြစ်နိုင်ခြေလေ့လာဆန်းစစ်မှုဆောင်ရွက်ပြီး ရရှိလာသည့် လေ့လာဆန်းစစ်မှု အစီရင်ခံစာအရ တစ်ဆင့်ချင်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

နောင်မွန်းမဲဆန္ဒနယ်မှ ဦးရယ်ဒမ်းတန်၏ **နောင်မွန်းမြို့ ကဆန်ချောင်းကမ်းပြိုကာကွယ်ရေးအတွက် မြေထိန်းနံရံ ထပ်မံမြှင့်တင်တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးထွန်းလူက ကချင်ပြည်နယ်၊ နောင်မွန်းမြို့ ကဆန်ချောင်းအတွင်း ပျက်စီးသွားသည့် ကမ်းထိန်းနံရံများအားပြုပြင်ခြင်းနှင့် ဆောင်ရွက်ပြီးသော ကမ်းထိန်းနံရံနောက်ဘက်ရှိ တိုက်စားလွယ်သော ကမ်းပါးများအား အမြင့် ၁၀ ပေအထိ မြှင့်တင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ရေးအတွက် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစ်ကြောင်းနှင့် မြစ်ကမ်းပါးပြောင်းလဲမှုအခြေအနေများအား ကွင်းဆင်းတိုင်းတာ စစ်ဆေးသွားမည်ဖြစ်ပါကြောင်းနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့က အကောင်အထည်ဖော် ဆောင်ရွက်မည့်အချိန်တွင် ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် ပူးပေါင်းကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်ဇော်ထက်၏ **ရောဝတီမြစ်ကမ်း ဆိပ်ဖြူဘက်ခြမ်းတွင် သောင်တူးဖော်ခြင်းလုပ်ငန်းနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးထွန်းလူက ရောဝတီမြစ်ကမ်း ဆိပ်ဖြူဘက်ခြမ်းတွင် သောင်တူးဖော်ခြင်းလုပ်ငန်းသည် ရောဝတီမြစ် ပင်မအစီအမံအရ လိုအပ်သည့် မြစ်အကျယ်ရရှိရေး ဆောင်ရွက်သည့်လုပ်ငန်းဖြစ်ခြင်း၊ သောင်တူးရာမှ ထွက်ရှိလာသည့် တူးစာများကို ဆိပ်ဖြူဘက်ကမ်း၌ စွန့်ပစ်ရာတွင် အလွယ်တကူ ပြန်လည်ပို့ချခြင်း၊ မျောပါခြင်းမရှိစေရန် စက်ကြီးများဖြင့် စနစ်တကျဖိကြိတ်ဆောင်ရွက်ထားခြင်း၊ မြစ်အကျယ်ချဲ့ခြင်းဖြင့် အနော်ရထာတံတား၏ တံတားတိုင် ရေတိုက်စားဒဏ်ခံရမှုအား လျှော့ချပေးနိုင်ခဲ့၍ ဒေသခံပြည်သူများ၏ လမ်းပန်းဆက်သွယ်မှုလုံခြုံရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို ကာကွယ်ပေးနိုင်ပါ၍ အမှန်တကယ်ဆောင်ရွက်သင့်သည့် လုပ်ငန်းတစ်ခုဖြစ်သဖြင့် ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် လေ့လာဆန်းစစ်မှုများ သေချာစွာပြုလုပ်ပြီးမှ ဆောင်ရွက်ခဲ့သောလုပ်ငန်းဖြစ်ပါကြောင်းနှင့် အနာဂတ်အစီအမံဖြစ်သော ယောချောင်းရေစီးရေလာကောင်းမွန်စေရန် ချောင်းဝဖြောင့်ခြင်းလုပ်ငန်းနှင့်အတူ ကမ်းထိန်းခြင်းလုပ်ငန်းများကို လိုအပ်ပါက ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

အင်ပူမဲဆန္ဒနယ်မှ ဒေါက်တာဌေးဝင်း၏ **အင်ပူမြို့နယ် နောက်မီးအုပ်စုနှင့် ဝက်လဟာအုပ်စုအတွင်းရှိ ကျေးရွာများ မြစ်ကမ်းထိန်းခြင်းနှင့် မြစ်ကြောင်းလွှဲခြင်းလုပ်ငန်းအား အရေးတကြီး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးထွန်းလူက ဧရာဝတီတိုင်းဒေသကြီး အင်ပူမြို့နယ် မကျီးစုကျေးရွာ၊ ကညင်တပင်ကျေးရွာ၊ ကြို့ကုန်းကျေးရွာတို့နှင့် အင်ပူ–ညောင်ကျိုးကားလမ်း ကမ်းပြိုကမ်းစားခြင်းမှ ရေရှည်ကာကွယ်နိုင်ရန်မှာ တိုက်ရိုက်ကာကွယ်သည့် နည်းစနစ်ထက် သွယ်ဝိုက်ကာကွယ်သည့် နည်းစနစ်ဖြစ်သော Pilot Channel မြစ်ဖြတ်မြောင်းဖောက်လုပ်နိုင်မှသာ ထိရောက်အောင်မြင်နိုင်မည်ဟု လွှတ်တော်ကိုယ်စားလှယ်ကြီး၏ တင်ပြချက်သည် မှန်ကန်ပါသဖြင့် မြစ်ဖြတ်မြောင်းဖောက်လုပ်နိုင်ရေးအတွက် အင်ပူမြို့နယ်နှင့် ဟင်္သာတမြို့နယ်တို့ရှိ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူလူထုတို့ သဘောတူညီမှုရရှိစေရန် ဦးစွာညှိနှိုင်းဆွေးနွေးရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ဒေသခံပြည်သူလူထုနှင့် ညှိနှိုင်းဆွေးနွေးမှုရလဒ်အပေါ် မူတည်ပြီးမှသာ ငဝန်မြစ်ဖြတ်တူးမြောင်းဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ငဝန်မြစ်ရေတိုက်စားမှုကာကွယ်ရေးသည် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းတစ်ခုဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်တွင် ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် နည်းပညာဆိုင်ရာအကူအညီများ ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် ကသာမဲဆန္ဒနယ်မှ ဦးတင်ဌေးက **“ဧရာဝတီမြစ်အတွင်း ရေကြောင်းသွားလာရေးကို တစ်နှစ်ပတ်လုံး ဆောင်ရွက်နိုင်စေရေးအတွက် မြစ်ကြောင်း စီမံခန့်ခွဲမှုလုပ်ငန်းများကို အမျိုးသားအဆင့် စီမံကိန်းတစ်ရပ်အဖြစ် ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း”** အဆိုကို တင်သွင်းရာ ကလေးဝမဲဆန္ဒနယ်မှ ဦးတင်ထွန်းလွင်က ထောက်ခံဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လက်ခံဆွေးနွေးရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်တွင် ဖွဲ့စည်းထားသည့် ဟိုတယ်၊ ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ၏ အမည်ကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဆိုင်ရာကော်မတီဟု ပြင်ဆင်ပြီး ကော်မတီဝင်များ အစားထိုးပြောင်းလဲခြင်းကိုလည်းကောင်း၊ ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာကော်မတီ၏ တာဝန်များအား ပြင်ဆင်သတ်မှတ်ခြင်းကိုလည်းကောင်း လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော် မြန်မာ–ဗီယက်နမ်၊ မြန်မာ– ဂျပန်၊ မြန်မာ–တရုတ်နှင့် မြန်မာ– လာအို လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအဖွဲ့များ ဖွဲ့စည်းကြောင်းနှင့် ယင်းအဖွဲ့များတွင်ပါဝင်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်းများ၊ အဖွဲ့ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၏ အမည်စာရင်းများကို လွှတ်တော်သို့အသိပေးတင်ပြပြီး အတည်ပြုချက်ရယူသည်။

ထို့နောက်ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ပေးပို့ထားသော **“ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း”** နှင့် စပ်လျဉ်း၍ လွှတ်တော်က ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် လွှတ်တော်၏အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူသည့်အတွက် ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုကြောင်းကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေးတတိယနေ့ကို စက်တင်ဘာ ၂၃ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းအဖွဲ့**

## လွိုင်ကော်မြို့၌ World Patient Safety Day ကျင်းပ

**လွိုင်ကော် စက်တင်ဘာ ၂၂**

ကယားပြည်နယ် လွိုင်ကော်မြို့၌ လူနာများအား ဘေးကင်းလုံခြုံသော ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအတွက် World Patient Safety Day 2026 ကို ခုတင် (၅၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီး၌ ကျင်းပရာ ပြည်နယ်ဆေးရုံအုပ်ကြီး၊ ဆရာဝန်များနှင့် သူနာပြုများ တက်ရောက်ခဲ့ကြသည်။



အခမ်းအနားတွင် လူနာများ ဘေးကင်းလုံခြုံရေးနှင့် ပတ်သက်သော အသိအမြင်များ ကျန်းမာရေးဝန်ထမ်းများကြားတွင် တိုးတက်လာစေရန်၊ ဖြစ်ပွားခဲ့သော မတော်တဆမှုများမှ သင်ခန်းစာယူနိုင်ရန်နှင့် လူနာနှင့် မိသားစုများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းစဉ်တွင် လုံခြုံစိတ်ချရသည့် လုပ်ဖော်ကိုင်ဖက်များအဖြစ် ပိုမိုပါဝင်စေရန်နှင့် လူနာများကို ဘေးကင်းလုံခြုံအောင် ထားနိုင်သည့် ယဉ်ကျေးမှုတစ်ခုတည်ဆောက်ရန် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ပြီး လူနာတစ်ဦးချင်းစီအတွက် ကုသမှုသည်လည်း ထိရောက်ရုံသာမက ဘေးကင်းလုံခြုံမှုရှိစေရေးအတွက် ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာခေါင်းစဉ်အလိုက် ဟောပြောဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

## သံဖြူဇရပ်မြို့နယ်၌ ရပ် / ကျေး အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဖွင့်

**သံဖြူဇရပ် စက်တင်ဘာ ၂၂**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၌ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း ဖွင့်ပွဲကို ယမန်နေ့က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဘုရင့်နောင်ခန်းမ၌ ပြုလုပ်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသီဟအောင်က လုပ်ငန်းတာဝန်နှင့်လုပ်ပိုင်ခွင့်များကို သိရှိနားလည်ပြီး ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်သူ့အကျိုးပြုလုပ်ငန်းများ စွမ်းဆောင်ရည်ပြည့်ဝစွာ ထမ်းဆောင်ကြရန် ပြောကြားပြီး သင်တန်းသား ၄၁ ဦးကို စက်တင်ဘာ ၂၁ ရက်မှ အောက်တိုဘာ ၁၆ ရက်အထိ ဌာနဆိုင်ရာ တာဝန်ရှိသူများက သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**



သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ

# တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၂**

တတိယအကြိမ်အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိလွှတ်တော်အဆောက်အအုံ အမျိုးသား လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးရှေ့မှောက်၌ ကတိသစ္စာမပြုရ သေးသော တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ငါးဦးက ကတိသစ္စာပြုပြီး ကတိသစ္စာ ပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် တတိယအကြိမ်အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့သို့ တက်ရောက် ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရေ စုစုပေါင်း ၂၀၉ ဦးရှိသည့်အနက် ယနေ့အစည်း အဝေးသို့ ၁၉၇ ဦး တက်ရောက်သဖြင့် ထက်ဝက် ကျော်သည့်အတွက် အစည်းအဝေးအထမြောက် ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင် သည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယနေ့ကျင်းပ ပြုလုပ်သည့် တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ကို တက်ရောက် လာကြသည့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာရွှင်လန်းကြပါစေကြောင်း ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်း။

မိမိတို့ အမျိုးသားလွှတ်တော်သည် ပြီးခဲ့သည့် ဒုတိယပုံမှန်အစည်းအဝေးကာလအတွင်း နိုင်ငံတော် အတွက် လိုအပ်သည့် ဥပဒေကြမ်းများကို ဆွေးနွေး ခြင်း၊ ပြည်သူလူထု၏ အသံနှင့် လိုအပ်ချက်များကို ဖော်ထုတ်ပေးနိုင်မည့် မေးခွန်းနှင့် အဆိုများကို ဆွေးနွေးဆုံးဖြတ်ခြင်း စသည့် လွှတ်တော်၏ တာဝန် များကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြပါကြောင်း။

ယခုကျင်းပသည့် တတိယပုံမှန်အစည်းအဝေး တွင်လည်း နိုင်ငံတော်အတွက် လိုအပ်သည့် ဥပဒေ ကြမ်းများ ဆွေးနွေးခြင်း၊ ပြည်သူ့အကျိုးပြု မေးခွန်း များနှင့် အဆိုများကို ဆွေးနွေးခြင်းစသည့်လုပ်ငန်းစဉ် များကို အရှိန်အဟုန်မပျက် ဆက်လက်လုပ်ဆောင် သွားကြရမည်ဖြစ်ကြောင်း။

လွှတ်တော်ကော်မတီ အသီးသီးအနေဖြင့်လည်း မိမိတို့၏ သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းတာဝန် များကို ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ် ကြောင်း၊ လွှတ်တော်ကော်မတီအလိုက် မိမိတို့နှင့် သက်ဆိုင်သည့် ကဏ္ဍအလိုက်ဥပဒေများထဲမှလေ့လာ ပြီး ဥပဒေများကိုလည်း တွေ့ရှိချက်များ တင်ပြပေး ရန်ဖြစ်ကြောင်း။

ထို့အပြင် လွှတ်တော်ကိုယ်စားလှယ်များ ဥပဒေ ကြမ်းတင်သွင်းရန်ရှိလာပါက တစ်ပြေးညီဖြစ်စေရန် တင်သွင်းရမည့် နမူနာပုံစံများကိုလည်း ဖြန့်ဝေထား ပြီးဖြစ်ကြောင်း၊ မိမိတို့ ကော်မတီများအလိုက် ဆောင်ရွက်ရန် တာဝန်ရှိသည့် ဥပဒေများကို ပြင်ဆင် ဖြည့်စွက်မှုများ ပြုလုပ်ရာတွင် အထောက်အကူဖြစ် မည်ဖြစ်ကြောင်း။

ယခုတတိယပုံမှန် အစည်းအဝေးအတွင်း လွှတ်တော်ကိုယ်စားလှယ်များအားလုံးသည် မိမိတို့ ၏ အသိ၊ ဉာဏ်ပညာ၊ အတွေ့အကြုံများနှင့် စေတနာ များကို အရင်းခံပြီး နိုင်ငံတော်နှင့်ပြည်သူလူထုအတွက် အမှန်တကယ် အကျိုးရှိစေမည့် ရလဒ်ကောင်းများ ထွက်ပေါ်လာအောင် တက်ညီလက်ညီ ပူးပေါင်း ဆောင်ရွက်ပေးကြရန် တိုက်တွန်းနှုတ်ခွန်းဆက်သ အပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၂) ဒေါ်မာလာဆန်း၏ **ပညာရေးဝန်ထမ်းများအား ရာထူးတိုး/ပြောင်းရွှေ့ နေရာချထားပေးရာတွင် ဝန်ထမ်းများ မူလနေရပ် ဒေသရှိအခြေခံကျောင်းများ၌ဦးစားပေးနေရာချထား**




**ရန် အစီအစဉ် ရှိ၊ မရှိနှင့် ဆရာ၊ ဆရာမများ လစ်လပ်မှု များပြားသော ကျေးလက်ကျောင်းများတွင် ဒေသခံ ဆရာ၊ ဆရာမများဖြင့် အစားထိုး ဖြည့်ဆည်းပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ပညာရေး ဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနအနေဖြင့် အခြေခံပညာကျောင်းများရှိ သင်ကြားရေး ဆရာ၊ ဆရာမများ၏ လစ်လပ်နေရာများတွင် ဖြည့်ဆည်း ခန့်ထားရာ၌ ကျောင်းသားဦးရေအရ ဆရာလိုအပ် ချက်ရှိသော ကျောင်းများအား ဦးစားပေးဖြည့်ဆည်း ခန့်ထားဆောင်ရွက်လျက်ရှိပါကြောင်း။

နယ်မြေဒေသမအေးချမ်းသည့် ဒေသမှ ဆရာ၊ ဆရာမများကို နီးစပ်ရာဒေသများတွင် တွဲဖက်ပေး ထားခြင်းဖြင့်သာ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဖြည့်ဆည်းခန့်ထားရာတွင် ရာထူးတိုး သို့မဟုတ် အပြောင်းအရွှေ့ လျှောက်ထားသော ပညာရေး ဝန်ထမ်း၏ ဦးစားပေးအလိုက် ဆန္ဒပြုကျောင်းနှင့် ဒေသအား လုပ်သက်ရမှတ်၊ တန်းစီဇယားတို့နှင့် လစ်လပ်နေရာတို့အပေါ် မူတည်၍ ဆောင်ရွက်ပေး လျက်ရှိပါကြောင်းနှင့် ဆရာ၊ ဆရာမများ လစ်လပ် လျက်ရှိသော ကျောင်းများတွင် ပညာရေးဒီဂရီ ကောလိပ်သင်တန်းဆင်းများအား လျာထားခန့်ထား ပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လတ်တလော လစ်လပ်မှုရှိနေသည့် ကျောင်းများတွင် သက်ဆိုင်ရာ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးများ၏ အစီအစဉ်ဖြင့် ပြည်နယ်တွင်း အစားထိုးဖြည့်ဆည်း၍ သင်ကြားရေးအောင်မြင် အောင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြား သည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁၁) ဦးစိုးကြည်၏ **တနင်္သာရီ တိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ် မြိတ်တောင် ကျေးရွာအုပ်စု အောင်မင်္ဂလာရပ်ကွက် သုခ(၃)လမ်း ရှိ အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်း တွင် ပျက်စီးလျက်ရှိသော မြေသားလမ်း ပေ ၈၂၀ အား ကွန်ကရစ်လမ်းခင်းပေးရန်၊ ပြိုကျပျက်စီးနေပြီ ဖြစ်သော ကျောင်းခြံစည်းရိုး အုတ်တံတိုင်းနှင့် အသစ်ပြုလုပ်ရန်ကျန်ရှိသော ကျောင်းခြံစည်းရိုး အုတ်တံတိုင်း ၈၁၉ ပေအား ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ၊ ရှိပါက မည်သည့်ကာလအတွင်း ဆောင်ရွက် ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က တနင်္သာရီတိုင်းဒေသ ကြီး မြိတ်မြို့နယ်အတွက် အန္တရာယ်ကျောင်းဆောင် များ ဖျက်သိမ်း၍ အသစ်ဆောက်လုပ်ခြင်းလုပ်ငန်း သုံးခု၊ တိုးတက်လာသော ကျောင်းသားဦးရေအရ တိုးချဲ့အသစ်ဆောက်လုပ်ခြင်းလုပ်ငန်းနှစ်ခု၊ အကြီး စား ပြုပြင်မွမ်းမံခြင်းလုပ်ငန်းတစ်ခု၊ ရုံးများအသစ် ဆောက်လုပ်ခြင်းလုပ်ငန်းတစ်ခု၊ သိပ္ပံဆောင်များ အသစ်ဆောက်လုပ်ခြင်းတစ်ခု၊ စာကြည့်တိုက်များ အသစ်ဆောက်လုပ်ခြင်းလုပ်ငန်း လေးခု စုစုပေါင်း လုပ်ငန်း ၁၂ ခုအတွက် ခွင့်ပြုရန်ပုံငွေကျပ် ၅၄၈၁ ဒသမ ၈၀၀ သန်း ပါဝင်ပါကြောင်း။

အဆိုပါ အမှတ်(၉) အခြေခံပညာအထက်တန်း ကျောင်းတွင် ကျောင်းခြံစည်းရိုးပတ်လည် ပေ ၂၂၀၀ ရှိပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပေ ၇၀၀၊ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် ပေ ၄၃၀ ကို ဌာန ရန်ပုံငွေဖြင့် ကာရံခဲ့ပြီး ၂၅၁ ပေအား ကိုယ်ထူကိုယ်ထ စနစ်ဖြင့် ကာရံထားပြီးဖြစ်ပါကြောင်း၊ လိုအပ်သည့် ၈၁၉ ပေအား အုတ်တံတိုင်း ကာရံပေးနိုင်ရန် အတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ဘတ်ဂျက်ဖြင့်လည်းကောင်း၊ ရေကြီးရေလျှံမှုများကြောင့် ပျက်စီးနေသော ကျောင်း အဝင်လမ်း (ပေ ၈၂၀ x ၄ ပေ x ၃ လက်မထု)အား ကွန်ကရစ်လမ်းခင်းပေးရန်အတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် သာမန်အသုံးစရိတ်ဖြင့်လည်းကောင်း ဘတ်ဂျက်ရရှိမှုအပေါ် တိုင်းဒေသကြီး၏ တန်းစီ ဇယားဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၉) ဦးဉာဏ်ထွန်း၏ **တနင်္သာရီ တိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့အမှတ်(၂) အခြေခံ ပညာ အထက်တန်းကျောင်းတွင် (၁၂၀ x ၃၀ x ၁၂) ပေရှိ အန္တရာယ်ရှိသော တစ်ထပ်(၄ဝါဆောင်) အား ဖျက်သိမ်း၍ ပေ(၁၄၀x၃၀) RCC သုံးထပ် ကျောင်း ဆောင်သစ်တစ်ဆောင်ကို ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာရေး နှစ် သို့မဟုတ် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုမိန့်ချထားပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က မြိတ် မြို့နယ်အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း တွင် မူလတန်းအဆင့် ကျောင်းသား ၁၅၉၃ ဦး၊ အလယ်တန်းအဆင့်ကျောင်းသား ၈၇၀၊ အထက် တန်းအဆင့် ကျောင်းသား ၇၇၄ ဦး စုစုပေါင်း ကျောင်းသား ၃၂၃၇ ဦးရှိပြီး ကျောင်းဆောင်များ အနေဖြင့် စုစုပေါင်း ကျောင်းဆောင် ၁၅ ဆောင်၊ စာသင်ခန်း ၅၇ ခန်းဖြင့် သင်ကြားသင်ယူမှုလုပ်ငန်း များဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါကျောင်း တွင် လက်ရှိစာသင်ခန်း ၅၇ ခန်းဖြင့် သင်ကြားနေရ သည့်အတွက် စာသင်ခန်းထပ်မံလိုအပ်နေပြီး အန္တရာယ် ဆောင်ဖြစ်သည့် ၄ဝါဆောင် ပေ (၁၂၀ x ၃၀) သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်ဆောင်အား ဖျက်သိမ်း၍ ပေ (၁၄၀ x ၃၀) RCC သုံးထပ် ဆောက်လုပ်ရန် အတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ် တိုင်းဒေသ ကြီး၏ တန်းစီဇယားဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း ဖြေကြားသည်။

မွန်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၉) ဦးစိုးမင်းစမ်း၏ **မွန်ပြည်နယ် ကျိုက်ထို ခရိုင် ဘီးလင်းမြို့နယ် ကင်းရွာကျေးရွာရှိ ကင်းရွာ အခြေခံပညာအထက်တန်းကျောင်းမှ မြနန္ဒာကျောင်း ဆောင်သည် သက်တမ်း ၂၉ နှစ်ရှိပြီး အလွန်ဆိုးရွား စွာ ပျက်စီးနေပြီဖြစ်ပါသောကြောင့် ၎င်းကျောင်း ဆောင်အား ဖျက်သိမ်းပြီး အသစ်ဆောက်လုပ်ပေးနိုင် ခြင်း ရှိ/မရှိ နှင့် ဆောက်လုပ်ပေးမည်ဆိုပါက အစော ဆုံး ဘတ်ဂျက်တွင် ထည့်သွင်းဆောက်လုပ်ပေးနိုင် ခြင်း ရှိ/မရှိ သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က မွန်ပြည်နယ် ဘီးလင်း မြို့နယ်အတွင်း စုစုပေါင်းလုပ်ငန်း ၁၂ ခုအတွက် ခွင့်ပြုရန်ပုံငွေကျပ် ၂၆၆၆ ဒသမ ၆၇၀ သန်း ပါဝင် ပါကြောင်း၊ မွန်ပြည်နယ် ဘီးလင်းမြို့နယ် ကင်းရွာ- အခြေခံပညာအထက်တန်းကျောင်းတွင် မူလတန်း အဆင့်ကျောင်းသား ၃၈၉ ဦး၊ အလယ်တန်းအဆင့် ကျောင်းသား ၅၄၆ ဦး၊ အထက်တန်းအဆင့် ကျောင်းသား ၁၃၅ ဦး၊ ကျောင်းသားပေါင်း ၁၀၇၀ တက်ရောက်သင်ကြားလျက်ရှိပါကြောင်း၊ အဆိုပါ ကျောင်းတွင် အန္တရာယ်ရှိကျောင်းဆောင် မြနန္ဒာ အဆောင်အပါအဝင် ကျောင်းဆောင် ခုနစ်ဆောင် တွင် စာသင်ခန်း ၃၁ ခန်းဖြင့် သင်ကြားသင်ယူမှု လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

အဆိုပါကျောင်းဆောင်များအနက် မြနန္ဒာဆောင် ပေ (၁၅၀ x ၃၀) အုတ်ညှပ် တစ်ထပ်ဆောင်တွင် ဘီးလင်းမြို့နယ်ပညာရေးမှူးရုံးမှ ကျောင်းဆောင် စိစစ်ရေးအဖွဲ့၏ ကွင်းဆင်းစစ်ဆေးချက်အရ သက်တမ်း ၂၇ နှစ်ရှိပြီး ကျောင်းဆောက်လုပ်စဉ်က လယ်ယာမြေဖြစ်သောကြောင့် ယခုအခါ ကျောင်းဆောင်၏ အောက်ခြေကြမ်းခင်းများနှင့် အုတ်နံရံများ ကွဲအက်နေခြင်း၊ အမိုးနှင့် မျက်နှာကြက် မိုးယိုမှုများ ဖြစ်ပေါ်နေသည့်အတွက် အဆိုပါ ကျောင်းဆောင်အား ဖျက်သိမ်းပြီး ကျောင်းသားဦးရေ အရ လိုအပ်နိုင်သည့်အပေါ်တွင် စိစစ်၍ နီးစပ်ရာ ဘဏ္ဍာရေးနှစ်တွင် အသစ်ထပ်မံဆောက်လုပ်ပေး နိုင်ရေး တိုင်းဒေသကြီး၏ တန်းစီဇယားဖြင့် ဆောင်ရွက် ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၃) ဒေါ်ကျော့ယဉ်ဝင်း၏ **စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့ အခြေခံပညာ အထက်တန်းကျောင်းရှိ တစ်ထပ်ကျောင်းဆောင် နှစ်ဆောင်နှင့် အမှတ်(၁) အခြေခံပညာ အလယ်တန်း ကျောင်းခွဲအတွင်းရှိ နှစ်ထပ်ကျောင်းဆောင် တစ်ဆောင်တို့မှာ ကျောင်းဥပဓိရုပ်မကောင်းတော့ဘဲ ယိုယွင်းပျက်စီးဆွေးမြည့်နေပြီဖြစ်ပါသဖြင့် ဖျက်သိမ်း ခွင့်ပြုရန်နှင့် ၎င်းနေရာများတွင် အစားထိုးလျက် (၁၇၀x၃၀x၂၅) ပေ RCC နှစ်ထပ်ကျောင်းဆောင် တစ်ဆောင်နှင့် (၁၀၀x၃၀x၂၂)ပေ RCC နှစ်ထပ် ကျောင်းဆောင် တစ်ဆောင်တို့အား ဆောက်လုပ်ပေး ရန် အစီအစဉ် ရှိ/မရှိ၊ ရှိပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးသွားမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က စစ်ကိုင်း တိုင်းဒေသကြီး ကလေးဝမြို့နယ် ကလေးဝ-အခြေခံ ပညာအထက်တန်းကျောင်းတွင် အလယ်တန်း အဆင့် ကျောင်းသား ၆၁၁ ဦး၊ အထက်တန်းအဆင့် ကျောင်းသား ၁၉၇ ဦး စုစုပေါင်း ကျောင်းသား ၈၀၈ ဦး သင်ကြားလျက်ရှိပြီး ကျောင်းဆောင်များအနေဖြင့် အန္တရာယ်ဆောင် ပေ (၉၆ x ၃၀) သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်၊ အန္တရာယ်ဆောင် ပေ(၈၀ x ၃၀) သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်အပါအဝင် စုစုပေါင်း ကျောင်းဆောင် ခုနစ်ဆောင်၊ စာသင်ခန်း ၃၅ ခန်းဖြင့် သင်ကြားသင်ယူ မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

အဆိုပါ ကလေးဝ- အခြေခံပညာအထက်တန်း ကျောင်းတွင် အန္တရာယ်ရှိနေသော ကျောင်းဆောင် နှစ်ဆောင်အား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖျက်သိမ်းခွင့်များ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း နှင့် ကျောင်းသားဦးရေ တိုးတက်လာသည့်အပေါ် မူတည်ပြီး ကျောင်းဆောင်သစ် ဆောက်လုပ်နိုင်ရေး အတွက် ဘတ်ဂျက်ရရှိမှုအပေါ် တိုင်းဒေသကြီး ဦးစားပေးအစီအစဉ်ဖြင့် ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ပါကြောင်း။

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) တွင် မူလတန်းအဆင့်ကျောင်းသား ၂၈၁ ဦး၊ အလယ် တန်းအဆင့် ကျောင်းသား ၇၃ ဦး စုစုပေါင်း ကျောင်းသား ၃၅၄ ဦး သင်ကြားလျက်ရှိပြီး အဆိုပါ ကျောင်းတွင် အန္တရာယ်ဆောင် (၄၅ x ၃၀)ပေ သွပ်မိုး၊ အုတ်ညှပ် နှစ်ထပ်ဆောင် အပါအဝင် ကျောင်းဆောင် လေးဆောင်၊ စာသင်ခန်း ၁၂ ခန်းဖြင့် သင်ကြားသင်ယူ မှုလုပ်ငန်းများ

*စာမျက်နှာ ၁၀ သို့*

*စာမျက်နှာ ၉ မှ*

ဆောင်ရွက်လျက်ရှိသည့်အတွက် အန္တရာယ်ဆောင်များကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖျက်သိမ်းခွင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ကျောင်းသားဦးရေတိုးတက်လာသည့်အပေါ် မူတည်ပြီး ဖျက်သိမ်းသည့်မြေနေရာတွင် ကျောင်းဆောင်သစ်ဆောက်လုပ်နိုင်ရေးအတွက် တိုင်းဒေသကြီးဦးစားပေးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၄) ဦးဇော်ဝင်းသန့်၏ **ကျောင်းသားလူငယ်များ မိုဘိုင်းဖုန်းအသုံးပြုမှု အန္တရာယ်မှ ကင်းရှင်းနိုင်စေရေးအတွက် အခြေခံပညာကျောင်းများတွင် ကျောင်းချိန်အတွင်း မိုဘိုင်းဖုန်းသုံးစွဲခွင့်နှင့်ပတ်သက်၍ အမိန့်နှင့်ညွှန်ကြားချက်များ တင်းတင်းကျပ်ကျပ်ထုတ်ပြန်၍ တားမြစ်ထားခြင်း ရှိ/မရှိ၊ ထုတ်ပြန်တားမြစ်ထားချက်အပေါ် မလိုက်နာပါက မည်ကဲ့သို့ အရေးယူဆောင်ရွက်ရမည်ကို တိကျသောညွှန်ကြားချက်များ ချမှတ်ပေးထားခြင်း ရှိ/မရှိနှင့် ကလေးသူငယ်ဆိုင်ရာ အွန်လိုင်းဥပဒေရေးဆွဲ၍ ကာကွယ်ပေးနိုင်ရန် ဆောင်ရွက်ထားခြင်း ရှိ/မရှိ သိရှိလိုခြင်း**မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က အခြေခံပညာကျောင်းများတွင် အခြေခံပညာကျောင်းသား ကျောင်းသူများ၏ သင်ကြားသင်ယူမှုလုပ်ငန်းများကို အနှောင့်အယှက်မဖြစ်စေရန်၊ သင်ယူမှုအရည်အသွေး မြှင့်တင်စေရန်နှင့် ကျောင်းစည်းကမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်စေရန်အတွက် သက်ဆိုင်ရာတိုင်းဒေသကြီး / ပြည်နယ်၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးတို့၏ အဆင့်ဆင့်ကြီးကြပ်မှုဖြင့် ဆောင်ရွက်လျက်ရှိရာ အထက်တန်း/ အလယ်တန်း/ မူလတန်းကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများအနေဖြင့် ကျောင်းသား ကျောင်းသူများအား ကျောင်းချိန်အတွင်း မိုဘိုင်းဖုန်းယူဆောင်လာခြင်းနှင့် အသုံးပြုခြင်းတို့ကို တင်းတင်းကျပ်ကျပ်တားမြစ်သည့် စည်းကမ်းချက်များထုတ်ပြန်၍ ကျောင်းသား ကျောင်းသူများ လိုက်နာဆောင်ရွက်ရန် အစီအစဉ်များ ချမှတ်လျက်ရှိပါကြောင်း။

နည်းပညာခေတ်တွင် Mobile Phone ကဲ့သို့ Tablet, iPad, Computer (Desktop, Laptop) စသည့် Digital Device များ အသုံးပြုခြင်းဖြင့် အထွေထွေ ဗဟုသုတများ၊ ကျောင်းသင်ခန်းစာနှင့် သက်ဆိုင်သောအကြောင်းအရာများ၊ ဘာသာစကားကျွမ်းကျင်မှုဆိုင်ရာ သင်ကြားမှုများအပြင် အခြားနည်းပညာဆိုင်ရာ အကြောင်းအရာမျိုးစုံကို လေ့လာဆည်းပူးနိုင်ပါကြောင်း၊ ၂၁ ရာစု ကျွမ်းကျင်မှုများအား လေ့လာသင်ယူနေသည့် မျိုးဆက်သစ်များအနေဖြင့် နည်းပညာလေ့လာလိုက်စားပြီး ကျွမ်းကျင်ရန်လည်း လိုအပ်ပါကြောင်းနှင့် မိုဘိုင်းဖုန်းကန့်သတ်ခြင်း၏ ရည်ရွယ်ချက်မှာ ကလေးငယ်များ ဖုန်းအလွန်အကျွံသုံးစွဲခြင်းမှ ကာကွယ်ရန်၊ မကောင်းသည့် အကျင့်စရိုက်များ ကူးစက်နိုင်ခြင်း၊ အတုယူမှားခြင်း၊ ကျောင်းသားအချင်းချင်း နိုင်ထက်စီးနင်းပြုမူခြင်း၊ စိတ်ခတ်ပျက်ပြားခြင်း စသည့်ဆိုးကျိုးများအား တားမြစ်ရန် ရည်ရွယ်ခြင်းဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများတွင် ကျောင်းသားကလေးသူငယ်များ မိုဘိုင်းဖုန်းသုံးစွဲမှုကို တားမြစ်ကန့်သတ်သည့် ဥပဒေပြဋ္ဌာန်းချက် မရှိသေးသော်လည်း ကျောင်းသားကလေးသူငယ်များအား အွန်လိုင်းပလက်ဖောင်းမှတစ်ဆင့် ခြိမ်းခြောက်အန္တရာယ်ပြုခြင်း၊ အမြတ်ထုတ်ခြင်းတို့နှင့် ပတ်သက်၍ ဥပဒေကြောင်းအရ အကာအကွယ်ပေးခြင်း၊ အရေးယူခြင်းများ ပြုလုပ်နိုင်ပါကြောင်း။

သို့ပါ၍ ကျောင်းသားလူငယ်များ ကျောင်းချိန်အတွင်း မိုဘိုင်းဖုန်းသုံးစွဲမှုကို ထိထိရောက်ရောက် တားမြစ်နိုင်သော်လည်း ကျောင်းချိန်ပြင်ပအချိန်များတွင် အကျိုးရှိစွာ အသုံးပြုနိုင်ရေးအတွက် ဆရာ၊ မိဘ၊ ကျောင်းသား ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြမည်ဆိုပါက ပိုမိုအကျိုးရှိသည့်ရလဒ်များရနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်ရေဘေးသင့်ပြည်သူများအတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် ရုံးဝန်ထမ်းများမှ လှူဒါန်းမှုကို ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရန်နိုင်ဝင်း၊ ဦးအောင်တင်မြင့်၊ ဦးအောင်ကျော်မင်းနှင့် ဒေါ်ဇင်ပပဦးတို့က သွားရောက်လှူဒါန်းခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်က လက်ခံရယူခဲ့ပါကြောင်း၊ ထိုသို့လှူဒါန်းခြင်းအား အမျိုးသားလွှတ်တော်က မှတ်တမ်းတင်ကြောင်းကြေညာသည်။

ယင်းနောက် တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေးဒုတိယနေ့ကို စက်တင်ဘာ ၂၄ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်-ပြည်လမ်းပိုင်း၌ ပြေးဆွဲလျက်ရှိသည့် အမှတ်(၇၄)အစုန်နှင့် ရန်ကုန်-မော်လမြိုင် လမ်းပိုင်းရှိ အမှတ်(၈၃)အဆန် DEMU လူစီးအမြန်ရထားတို့ကို ခဲဖြင့်ပေါက်သူအား ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂၂**

မြန်မာ့မီးရထားအနေဖြင့် ရထားစီးခရီးသွားပြည်သူများ ပိုမိုစိတ်ချမ်းမြေ့စွာသွားလာနိုင်စေရေးအတွက် ခေတ်မီ လေအေးပေးစက်ပါ DEMU တွဲဆိုင်းသစ်များဖြင့် လူစီးအမြန်ရထားများ ပြေးဆွဲပေးလျက်ရှိရာ ယမန်နေ့ ညနေ ၅ နာရီ ၄၅ မိနစ်တွင် အမှတ်(၇၄) အစုန် ပြည်-ရန်ကုန် DEMU လူစီးအမြန်ရထားသည် တိုက်ကြီးမြို့နယ် ဖလုံနှင့်သနပ်ချောင်းဘူတာအကြား မိုင်တိုင် အမှတ် ၄၈/၂၀ နှင့် ၁၉ အတွင်း ရထားဖြတ်သန်းစဉ် ရထားလမ်းအရှေ့ဘက်မှ ခဲဖြင့် ပစ်ပေါက်ခဲ့သဖြင့် ရထားတွဲဆိုင်း၏ စက်ခေါင်းနောက်ကပ်လျက် ပထမတန်းတွဲ DEMU(F) 4019 ၏ ခုံအမှတ် 4A နှင့် 4 B အကြား ပြတင်းတံခါးဘေးလေကာမှန် လေးလက်မခန့် ပေါက်ထွက် ကြေမွကွဲအက်မှုဖြစ်ပွားပြီး ခရီးသည်နှင့် ဝန်ထမ်းများ ထိခိုက်မှုမရှိကြောင်း သိရသည်။

အခင်းဖြစ်ပွားရာ နေရာသို့ ရထားရဲတပ်ခွဲအမှတ်(၁၉)ပြည်မှ ရထားလိုက်လုံခြုံရေး ရဲအုပ်ဦးစီးငါးဦးနှင့် တာဝန်ရှိသူများ သွားရောက်၍ တရားခံဖမ်းဆီးရမိရေး သက်ဆိုင်ရာ နယ်မြေရဲစခန်းသို့ အကြောင်းကြားခဲ့ပြီး တိုက်ကြီးမြို့နယ်ရဲမှူးဦးစီးအင်အား စုစုပေါင်း ၁၅ ဦး ည ၈ နာရီ ၁၀ မိနစ်တွင် ရောက်ရှိ စုံစမ်းစစ်ဆေးခဲ့ရာ တရားခံဖော်ရဲအောင် အသက် (၃၄)နှစ် (ဘ) ဦးဝင်းဇော်လင်း၊ ဒုံးခိုက်ရွာ ဖလုံကျေးရွာအုပ်စု နေသူအား ဖြစ်စဉ်ဖြစ်ပွားသည့် စက်တင်ဘာ ၂၁ ရက် ည ၉ နာရီ ၁၅ မိနစ်တွင် ဖမ်းဆီးရမိပြီး တရားခံမှ ဝန်ခံထွက်ဆိုသဖြင့် ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေ ပုဒ်မ (၈၄) ဖြင့် အမှုဖွင့်အရေးယူ ဆောင်ရွက်သွားမည် ဖြစ်သည်။ အဆိုပါဖြစ်စဉ်ကြောင့် ရထားကြန့်ကြာမှု ၃၅ မိနစ်ဖြစ်ပေါ်ခဲ့ပြီး အခြားရထားများကြန့်ကြာမှု မရှိဘဲ ပုံမှန်အတိုင်း ပြေးဆွဲခဲ့ကြောင်း သိရသည်။



ပြည် - ရန်ကုန် အမှတ်(၇၄) အစုန် DEMU ရထားအား ခဲဖြင့် ပစ်ပေါက်ခဲ့သည့် တရားခံ။



ရန်ကုန်-မော်လမြိုင် အမှတ်(၈၃) အဆန် DEMU ရထားအား ခဲဖြင့် ပစ်ပေါက်ခဲ့သည့် တရားခံ။

အလားတူ ယနေ့ နံနက် ၁၀ နာရီ ၂၇ မိနစ်တွင် ရန်ကုန်-မော်လမြိုင်လမ်းပိုင်း၌ ပြေးဆွဲလျက်ရှိသော အမှတ်(၈၃)အဆန် DEMU လူစီးအမြန်ရထားသည် ပေါင်ဘူတာမှ နံနက် ၁၀ နာရီ ၁၃ မိနစ်တွင်ထွက်ခွာလာရာ ပေါင်မြို့နယ် ပေါင်နှင့် သဲဖြူကုန်းဘူတာအကြား မိုင်တိုင်အမှတ် ၁၆၄/၉ နှင့် ၁၀ အတွင်း ရထားဖြတ်သန်းစဉ် ရထားလမ်း၏ လက်ဝဲဘက်မှ ခဲဖြင့် ပစ်ပေါက်ခဲ့သဖြင့် ရထားတွဲဆိုင်း၏ စက်ခေါင်းနောက် သုံးတွဲမြောက် အထက်တန်းတွဲ (၂) DEMU (U) 5007 ၏ ခုံအမှတ် 10 A နှင့် 10 B အကြား ပြတင်းတံခါးဘေးလေကာမှန်ပေါက်ပြီး စက်ခေါင်းနောက်ငါးတွဲမြောက် ပထမတန်းတွဲ(၄)DEMU (F)4013 ၏ ခုံအမှတ် 10 A နှင့် 10 B အနီး ပြတင်းတံခါးမှန်ပေါက်ထွက်ကြေမွ ကွဲအက်မှုဖြစ်ပွားခဲ့သည်။ ခရီးသည်နှင့် ဝန်ထမ်းများ ထိခိုက်မှုမရှိဘဲ ဖြစ်စဉ်ကြောင့် ရထားကြန့်ကြာမှု ၃၈ မိနစ်ဖြစ်ပေါ်ခဲ့ပြီး အခြားရထားကြန့်ကြာမှု မရှိကြောင်း သိရသည်။ ဖြစ်စဉ်ဖြစ်ပွားရာသို့ အဆိုပါရထားအား နောက်ပြန်ဆုတ်ပြီး တရားခံအား ရှာဖွေဖော်ထုတ်ခဲ့ရာတွင် ကျော်လင်းထွန်း၊ အသက်(၄၄)နှစ် (ဘ) ဦးမောင်အေး၊ ဘန့်ဘွေးကုန်းကျေးရွာ ရာသက်ပန်လမ်း ပေါင်မြို့နယ်နေသူအား ဖမ်းဆီးရမိခဲ့ပြီး ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေ ပုဒ်မ (၈၄) ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။





ဖလုံနှင့် သနပ်ချောင်းဘူတာအကြား ခဲဖြင့် ပစ်ပေါက်ခံရသည့် အမှတ်(၇၄) အစုန် DEMU ရထား။



ခဲဖြင့် ပစ်ပေါက်ခံရမှုဖြစ်စဉ်ကြောင့် အမှတ်(၈၃) အဆန် DEMU ရထား၏ပထမတန်းတွဲ DEMU-F(C)-4013 ပျက်စီးမှုဓာတ်ပုံမှတ်တမ်း။

မြန်မာ့ မီးရထားအနေဖြင့် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် ထုတ်ပြန်ပြီးဖြစ်သည့် ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေ၊ အခန်း ၁၈၊ ပုဒ်မ ၇၉ (ခ)အရ ရထားကို တစ်စုံတစ်ရာဖြင့် ပစ်ပေါက်ခြင်း သို့မဟုတ် တစ်စုံတစ်ရာ ပြုလုပ်ခြင်းအတွက် ပြစ်ဒဏ်အနေဖြင့် ပုဒ်မ (၈၄)အရ ထိုသူကို အနည်းဆုံး ၅ နှစ်မှ နှစ် ၂၀ အထိ မပိုသော ထောင်ဒဏ် ချမှတ်ရမည့်အပြင် ငွေဒဏ်ကိုလည်း ချမှတ်နိုင်ပြီး ဖမ်းဆီးရမိသော တရားခံများကို ဥပဒေနှင့်အညီ ထောင်ဒဏ်များ အသီးသီးချမှတ် အရေးယူဆောင်ရွက်လျက်ရှိကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူများ အဆင်ပြေကောင်းမွန်စွာ ခရီး သွားလာနိုင်ရေးအတွက် အဆင့်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူများအနေဖြင့် ဝိုင်းဝန်းပူးပေါင်း ထိန်းသိမ်းသွားရန် လိုအပ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အွန်လိုင်းလျှပ်စစ်မီတာများ တပ်ဆင်ပေးနိုင်မှုစစ်ဆေး



**ရမည်းသင်း စက်တင်ဘာ ၂၂**

ရမည်းသင်းခရိုင် လျှပ်စစ်မန်နေဂျာရုံးလက်အောက်ရှိ မြို့နယ်များတွင်း မီးသုံးစွဲလိုသည့် ပြည်သူများ လွယ်ကူလျင်မြန်စွာ မီတာတပ်ဆင်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၅ ရက်မှ စက်တင်ဘာ ၂၁ ရက်အထိ အွန်လိုင်းမီတာ လျှောက်ထားမှုစုစုပေါင်း ၁၀၀၈ လုံးရှိပြီး အများပြည်သူများထံ အဆိုပါမီတာများ အမြန်ဆုံး တပ်ဆင်ပေးနိုင်ရေးအတွက် ခရိုင်လျှပ်စစ်မန်နေဂျာ၊ ဒုတိယခရိုင် လျှပ်စစ်မန်နေဂျာတို့ ဦးဆောင်၍ မီတာတပ်ဆင်မှုများကို ကွင်းဆင်းစစ်ဆေးခဲ့သည်။ ထိုသို့ ဆောင်ရွက်ပေးရာတွင် စက်တင်ဘာ ၂၁ ရက်ထိ စုစုပေါင်း ၆၈ လုံး တပ်ဆင်ပေးနိုင်ခဲ့ကြောင်း သိရသည်။ **ခရိုင်(လျှပ်စစ်)**

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၂၂** - ကယားပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့်ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/ဇလ**

# ညောင်တုန်းကျွန်းတာ (ရေဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှုနေရာများနှင့် ငဝန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်း သဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ဧရာဝတီတိုင်းဒေသကြီးရှိ မြို့နယ် ခြောက်မြို့နယ်တို့တွင် ရေဝင်ရောက်ခဲ့ခြင်းများအား တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၂**

ဧရာဝတီ တိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာမိုင် ၁၁/၆ နှင့် ၁၁/၇ ကြားနေရာ၌ မြစ်ကမ်းရေ တိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တွင် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျားပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည်တိုက်စားကာ ဆည်မြောင်းတာ အိပ်ကျမှု ဖြစ်ပွားသည်။ အလားတူ အဆိုပါ ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ)၌ ရေတိုက်စားမှုကြောင့် တာမိုင် (၁၂/၂) နှင့် (၁၂/၃) ကြားရှိ စွန့်ပစ်တာ၌ စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် အလျား ပေ ၁၆၀ နှင့် အနံ ၁၅ ပေခန့် ထပ်မံ၍ တာပြိုကျမှု ဖြစ်ပွားခဲ့သည်။

အဆိုပါ တာကိုယ်ထည် တိုက်စား၍ အိပ်ပြိုကျမှုဖြစ်ပေါ်လျက်ရှိသည့် နေရာများ၌ ရေတိုက်စားမှု ကာကွယ်နိုင်ရန်အတွက် ရေလမ်းသောင်တူး လုပ်ငန်း ဆောင်ရွက်ခြင်း၊ တာမိုင်အမှတ် (၁၂/၂) ပေ ၅၀၀ နှင့် (၁၂/၃) ကြားတွင် မြစ်ကမ်းထိန်းလုပ်ငန်းဖြစ်သည့် porcupine ချထားခြင်း၊ ယာယီပန်းတာ တည်ဆောက်ခြင်းနှင့် ကမ်းရင်းတာခြေတုတ်ရိုက်သဲဖြည့်ခြင်း၊ တာမိုင်အမှတ် (၁၁/၅) နှင့် (၁၁/၆) ကြားတွင် ယာယီပန်းတာ တည်ဆောက်ခြင်း စသည့်လုပ်ငန်းများကို နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ လူအင်အား၊ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက် ဆောင်ရွက်လျက်ရှိသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် မြစ်ရေ တိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံ



မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှု ဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် လေးမျက်နှာမြို့ပေါ် ရပ်ကွက်ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ငသိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရပ်ကွက် ၁၅ ခုနှင့် ကျေးရွာအချို့တို့တွင် ယနေ့အထိ ရေဝင်ရောက်မှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

အဆိုပါ ငဝန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများ အသုံးပြု၍ ငဝန်ပန်းတာရေဝင်လမ်းအား (Geobags) အိတ်များချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်း၊ Steel Sheet Pile များ ရိုက်သွင်းခြင်းလုပ်ငန်းများအား အရှိန်အဟုန်မြှင့်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် တာတမံနိမ့်ကျပြီး ရေကျော်စီးဝင်ခဲ့သည့်နေရာ၌ Steel Sheet Pile များအား အပြီးသတ်ရိုက်သွင်းပြီးဖြစ်ကြောင်းနှင့် Steel Sheet Pile များ တောင့်တင်းခိုင်မာစေရန်အတွက်(Geobags) အိတ်များ ချခြင်း၊ (Jumbo Bag) အိတ်များ ချခြင်း လုပ်ငန်းများအား လူအင်အား၊ စက်ယန္တရားများ အသုံးပြု၍ အင်တိုက်အားတိုက်အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့၊ ရွာ၊ ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များအား နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်း အဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ ပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့် ပြည်သူများအား ထမင်းဘူးများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ချင်းပြည်နယ် ဟားခါးမြို့ ပြည်သူ့ဆေးရုံကြီး၌ကျင်းပသည့် စုပေါင်းသွေးလှူဒါန်းပွဲအား CDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက ယုတ်မာရိုင်းစိုင်းစွာ အကြောင်းမဲ့လာရောက်နှောင့်ယှက်ပစ်ခတ်

**နေပြည်တော် စက်တင်ဘာ ၂၂**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံ PDFအမည်ခံ အကြမ်းဖက်အဖွဲ့များ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်၍ စစ်ရေးပစ်မှတ်နှင့် မသက်ဆိုင်သည့် ဆေးရုံ၊ ဆေးခန်းစာသင်ကျောင်းများအား နှောင့်ယှက်ပစ်ခတ်ခြင်း၊ သစ္စာရှိနိုင်ငံ့ဝန်ထမ်းများ အပါအဝင် အပြစ်မဲ့ပြည်သူများအား အဓိကပစ်မှတ်ထား၍ လုပ်ကြံသတ်ဖြတ်ခြင်း၊ အများပြည်သူပိုင်အဆောက်အအုံများအား မီးရှို့ခြင်း၊ မြို့၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တိုက်ပွဲများဖော်ဆောင်၍ ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေသည့် အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ သာသနာတော် အကျိုး သယ်ပိုးလျက်ရှိသော ရဟန်းသံဃာတော်များ၊ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများအား လက်နက်အားကိုးဖြင့် ခြိမ်းခြောက်ခြင်းနှင့် အနိုင်ကျင့်၊ ဗိုလ်ကျ၊ ဖမ်းဆီးနှိပ်စက်ပစ်ခတ်သတ်ဖြတ်ခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို နည်းမျိုးစုံဖြင့် ဆင်ခြင်တုံ တရားကင်းမဲ့စွာ ဥပဒေမဲ့ ကျူးလွန်လျက်ရှိကြသည်။ ထိုသို့ အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် CDF အမည်ခံအကြမ်းဖက်သမားများသည် ချင်းပြည်နယ် ဟားခါးမြို့ ပြည်သူ့ဆေးရုံကြီး၌ ကျင်းပပြုလုပ်သော စုပေါင်းသွေးလှူဒါန်းပွဲသို့ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ယုတ်မာရိုင်းစိုင်းစွာ လာရောက်နှောင့်ယှက်ပစ်ခတ်ခဲ့ကြောင်း သိရှိရသည်။




ဟားခါးမြို့ ပြည်သူ့ဆေးရုံကြီး၌ကျင်းပသည့် စုပေါင်းသွေးလှူဒါန်းပွဲအား အကြမ်းဖက်သမားများမှ လာရောက်နှောင့်ယှက်ပစ်ခတ်ခဲ့သည့် တည်နေရာပြမြေပုံ။



အကြမ်းဖက်သမားများ လာရောက်ပစ်ခတ်ခဲ့သည့် ဟားခါးပြည်သူ့ဆေးရုံကို တွေ့ရစဉ်။



အကြမ်းဖက်သမားများ ပစ်ခတ်ခဲ့သည့်နေရာ၌ ကျည်ခွံများအား တွေ့ရစဉ်။



ဟားခါးမြို့ ပြည်သူ့ဆေးရုံ၌ စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပပြုလုပ်နေမှုကို တွေ့ရစဉ်။

**နှောင့်ယှက်ပစ်ခတ်**

ဖြစ်စဉ်မှာ ယနေ့နံနက်ပိုင်းတွင် ၂၀၂၆ ခုနှစ် အောက်တိုဘာ ၁ ရက်၌ ကျရောက်မည်ဖြစ်သည့် (၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဟားခါးမြို့ ပြည်သူ့ဆေးရုံကြီး၌ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပနေစဉ် ဆေးရုံ၏ မြောက်ဘက်မှ CDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူအင်အား ခုနစ်ဦးခန့်သည်လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လူမဆန်စွာ အကြောင်းမဲ့လာရောက် နှောင့်ယှက် ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ ပစ်ခတ်တိုက်ခိုက်လာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများသည် အရှေ့မြောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားကြောင်း သိရသည်။

ယခုကဲ့သို့ စစ်ရေးပစ်မှတ်နှင့် မသက်ဆိုင်သည့် ပြည်သူ့ဆေးရုံဝန်းအတွင်းသို့ အကြောင်းမဲ့ ဆင်ခြင်တုံ တရားကင်းမဲ့စွာ လာရောက်နှောင့်ယှက်ပစ်ခတ်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်အပေါ် ဒေသခံပြည်သူများက စက်ဆုပ်ရွံရှာမုန်းတီးစွာ ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချလျက်ရှိသည်။

**နယ်မြေလုံခြုံရေးတိုးမြှင့်**

အဆိုပါ အကြမ်းဖက်မှုကျူးလွန်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက တာဝန်သိဒေသခံပြည်သူများနှင့် ပူးပေါင်း၍စုံစမ်းဖော်ထုတ်လျက်ရှိပြီး နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ် ကာကွယ် စောင့်ရှောက်နိုင်ရေးအတွက် လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများကိုလည်း တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်းသတင်းရရှိသည်။

**သတင်းစဉ်**

# ရော်ဘာစိုက်တောင်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်ပပို့ကုန်အခွင့်အလမ်း

**ရော်ဘာသည် စက်မှုလုပ်ငန်းများ၊ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေးအတွက် မရှိမဖြစ်လိုအပ်သည့် အခြေခံကုန်ကြမ်းပစ္စည်း ဖြစ်ပါသည်။ ထို့အပြင် ပြည်ပနိုင်ငံ ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်သည့်အတွက် ပို့ကုန်ကဏ္ဍမှ ဝင်ငွေတိုးတက်ရရှိစေပါသည်။**

*ဝေယံလင်း(တာချီလိတ်)*

မြန်မာနိုင်ငံတွင် အဓိက ရော်ဘာထွက်ရှိရာဒေသများဖြစ်သည့် မွန်၊ ကရင်၊ ရှမ်းပြည်နယ်၊ တနင်္သာရီ၊ ပဲခူးတိုင်းဒေသကြီးနှင့် အခြားဒေသတို့မှ ရော်ဘာထွက်ရှိပြီး ပြည်ပနိုင်ငံများသို့ တင်ပို့လျက်ရှိပါသည်။

ရော်ဘာပင်သည် မိုးကောင်း၍ ပူအိုက်စွတ်စိုသော မုတ်သုံရာသီဥတုကို ကြိုက်နှစ်သက်သည့် အပင်အမျိုးအစားဖြစ်သဖြင့် မြန်မာနိုင်ငံ၌ စိုက်ပျိုးရန် အထူးသင့်လျော်ပါသည်။ ကမ္ဘာ့ရော်ဘာ ထွက်ရှိမှု၏ ၈၀ ရာခိုင်နှုန်းကျော်ခန့်သည် အရှေ့တောင်အာရှနိုင်ငံများဖြစ်ပြီး ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဗီယက်နမ်၊ မြန်မာ၊ ဖိလစ်ပိုင်၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့တွင် စိုက်ပျိုးထုတ်လုပ်ကြပါသည်။ လက်ရှိတွင် မြန်မာနိုင်ငံ၏ အနေအထားအရ ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုမှာ ပိုမိုအားကောင်းလျက်ရှိပြီး ရန်ကုန်၊ ဧရာဝတီ၊ စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ ရခိုင်၊ ရှမ်းပြည်နယ်တို့တွင် ပိုမိုတိုးချဲ့စိုက်ပျိုးလျက်ရှိပါသည်။

ရော်ဘာတွင် သဘာဝရော်ဘာပင်၏ အခေါက်ကို ခြစ်ပေးရာမှ ထွက်ရှိလာသည့် ရော်ဘာ နို့စိမ်းနှင့် ဓာတုရော်ဘာအဖြစ် ရေနံနှင့် ဓာတုဗေဒ ပိုလီမာများမှ စက်ရုံများတွင် သဘာဝရော်ဘာ၏ ဂုဏ်သတ္တိများကို တုပထုတ်လုပ်ထားသည့် ရော်ဘာဟူ၍ နှစ်မျိုးရှိပါသည်။ မြန်မာနိုင်ငံတွင် သဘာဝရော်ဘာများအဖြစ် ရော်ဘာနို့စိမ်းများကို RSS (Ribbed Smoked Sheet) အက်စစ်ဖြင့် ခဲစေပြီး မီးခိုးတိုက်ထားသည့် ရော်ဘာပြားများ၊ TSR/ Block Rubber (Technically Specified Rubber)အဖြစ် စက်ရုံများတွင် နည်းပညာစံချိန်စံညွှန်းများဖြင့် အတုံးလိုက် ကြိတ်ခွဲထုတ်လုပ်ထားသော ရော်ဘာတုံးများနှင့် Latex Concentrate အရည်ပုံစံအတိုင်း ပျစ်အားမြှင့်ထားသော ရော်ဘာနို့စိမ်းများအဖြစ် အဓိကပုံစံ နှစ်မျိုးတို့ကို ထုတ်လုပ်၍ ပြည်ပနိုင်ငံများသို့ တင်ပို့လျက်ရှိပါသည်။

ရော်ဘာများကို အမြင်အာရုံစစ်ဆေးမှုအရ သန့်ရှင်းမှု၊ အစွန်းအထင်းနှင့် မှိုပါဝင်မှုအပေါ်မူတည်၍ မီးခိုးတိုက်ရော်ဘာပြား Rubber Smoked Sheet (RSS)1,(RSS) 2,(RSS)3,(RSS)4, (RSS)5 ဟူ၍ အမျိုးအစား ငါးမျိုး ခွဲခြားတွေ့ရှိနိုင်မည်ဖြစ်ပါသည်။

(RSS)1 မှာ အဆင့်အတန်းမြင့်မားခြင်း၊ သန့်ရှင်းခြင်း၊ အစွန်းအထင်း လုံးဝမရှိခြင်း စသည့် ဂုဏ်သတ္တိများဖြင့် ဆေးဝါးနှင့် ဆေးရုံသုံးပစ္စည်းများတွင် အသုံးပြုမှုကို တွေ့ရပါသည်။ (RSS)2 မှာ အရည်အသွေးကောင်းခြင်း၊ အစွန်းအထင်း အနည်းငယ်သာပါရှိခြင်း စသည့် ဂုဏ်သတ္တိများဖြင့် စက်မှုလုပ်ငန်းသုံး ရော်ဘာပစ္စည်းများ၊ အဆင့်မြင့်တာယာများတွင် တွေ့မြင်နိုင်ပါသည်။

(RSS)3 မှာ အသင့်အတင့် အရည်အသွေးကောင်းမွန်ခြင်း၊ ကမ္ဘာ့အဆင့် အရောင်းအဝယ် အများဆုံးဖြစ်ခြင်း စသည့် ဂုဏ်သတ္တိများဖြင့် မော်တော်ယာဉ် တာယာများတွင် တွေ့ရပါသည်။ (RSS)4 မှာ အရောင်ရင့်ခြင်း၊ အစွန်းနှင့် လေပူဖောင်း အနည်းငယ်ပါရှိခြင်း စသည့်ဂုဏ်သတ္တိများဖြင့် ဖိနပ်အလွှာများ၊ ကြမ်းခင်းရော်ဘာ၊ တာယာအစိတ်အပိုင်းများတွင် တွေ့ရပါသည်။ (RSS)5 မှာ အရည်အသွေးနိမ့်ခြင်း၊ အစွန်းအထင်းများ ပါရှိခြင်း စသည့် ဂုဏ်သတ္တိများဖြင့် ဈေးနည်းရော်ဘာကုန်ကြမ်းများအဖြစ် ထုတ်လုပ်သုံးစွဲနေသည်ကို တွေ့ရမည်ဖြစ်သည်။

ယနေ့ကာလတွင် မြန်မာနိုင်ငံမှ ရော်ဘာများကို ပြည်ပတင်ပို့မှုနှင့် တာယာစက်ရုံကြီးများ၏ ဈေးကွက်လိုအပ်ချက်နှင့် တောင်းဆိုချက်များအရ (Myanmar Standard Rubber) MSR ၏ အခန်းကဏ္ဍသည် တစ်ဟုန်ထိုး တိုးတက်မြင့်မားလာရာ ရော်ဘာ၌ အညစ်အကြေးပါဝင်မှုအပေါ် မူတည်၍ MSR 10 (အညစ်အကြေးပါဝင်မှု – ၀ ဒသမ ၁၀ ရာခိုင်နှုန်း)နှင့် MSR 20 (အညစ်အကြေးပါဝင်မှု – ၀ ဒသမ ၂၀ ရာခိုင်နှုန်း)ဟူ၍ ခွဲခြားထားသည်ကို တွေ့ရမည်ဖြစ်သည်။

> **မြန်မာ့ရော်ဘာများ ပြည်ပသို့ ကုန်ကြမ်းများ တင်ပို့နိုင်ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိနိုင်ပြီး ပြည်တွင်းစက်မှုကဏ္ဍတိုးတက်လာစေရေးအတွက် အဆင့်မြင့်ရော်ဘာများ တင်ပို့ထုတ်လုပ်နိုင်ခြင်း၊ ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိကာ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေခြင်း စသည့်အကျိုးကျေးဇူးများ မလွဲကေန် ရရှိမည်ဖြစ်ပါသည်။ ထို့အပြင် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်းစနစ်ဖြင့် ဈေးကွက်များ ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်မည်**

MSR 20 (အညစ်အကြေးပါဝင်မှု ၀ ဒသမ ၂၀ ရာခိုင်နှုန်း)သည် ဈေးနှုန်းသင့်တင့်ပြီး ကမ္ဘာ့တာယာ စက်ရုံကြီးများ၏ လိုအပ်ချက်နှင့် အတိကျဆုံး၊ အရောင်းရဆုံး ရော်ဘာတုံး အမျိုးအစား အဖြစ်တည်ရှိနေသည်ဟု သိရပါသည်။ ထို့အတွက် ရော်ဘာစိုက်ပျိုးသူများ၊ ရော်ဘာလုပ်ငန်းရှင်များအနေဖြင့် ပြည်ပနိုင်ငံများ၏ ဈေးကွက်ဝယ်လိုအားနှင့် ဈေးနှုန်းမြင့်မားစွာ ရရှိနိုင်မည့် Myanmar Standard Rubber(MSR)အဆင့် အရည်အသွေးမြင့် ရော်ဘာများအဖြစ် ထုတ်လုပ်တင်ပို့ပါက ဝင်ငွေပိုမိုရရှိမည် ဖြစ်ပါသည်။

ပြည်တွင်းပြည်ပတွင် ရော်ဘာများကို မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်၊ စက်ဘီးလုပ်ငန်းကဏ္ဍများ၏ တာယာများ၊ ကျွတ်များ၊ ထိုင်ခုံများ၊ ကျန်းမာရေးနှင့် ဆေးဝါးကဏ္ဍများတွင် ဆေးရုံသုံး လက်အိတ်များ၊ ပိုက်လိုင်းများ၊ ဆေးထိုးအပ်များ၊ လူသုံးကုန်ပစ္စည်းများအဖြစ် ဖိနပ်အောက်ခံများ၊ ဘောလုံးများ၊ မွေ့ရာအခင်းများ၊ စက်မှုလုပ်ငန်းကဏ္ဍများတွင် ရေပိုက်များ၊ ကွန်ဗေယာဘယ်လ်ကြိုးများ (Conveyor Belts)နှင့်အခြားပစ္စည်းများကို ထုတ်လုပ်သုံးစွဲနေကြပါသည်။ ယင်းကုန်ပစ္စည်းများသည်လည်း အချိန်နှင့်အမျှလိုအပ်နေသည့် မရှိမဖြစ် ပစ္စည်းများပင် ဖြစ်ပါသည်။

အလျဉ်းသင့်၍ တင်ပြရလျှင် မီးခိုးတိုက်ရော်ဘာပြားများကို ရော်ဘာပင်မှ ခြစ်ယူရရှိသည့် နို့စိမ်းအားသစ်ရွက်အမှိုက်များ စစ်ထုတ်ခြင်း၊ ဖောမစ်အက်စစ်အား အချိုးကျရောစပ်၍ သုံးနာရီမှ လေးနာရီအထိငြိမ်အောင်ထားရှိဆောင်ရွက်ပြီး ခဲစေခြင်းဖြစ်သည်။ ထို့နောက် ကြိတ်စက်ဖြင့် အဆင့်ဆင့်ကြိတ်ယူ၍ ရော်ဘာပြားများကို မီးခိုးရုံ (Smoke House)တွင် အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်မှ ၆၀ ဒီဂရီစင်တီဂရိတ် အတွင်း ထင်းမီးဖြင့် မီးခိုးတိုက်ကာ ခြောက်သွေ့စေပြီး တစ်ခုနှင့် တစ်ခု ကပ်မသွားစေရန် အစင်းကြောင်းပါ ရော်ဘာအပြားများ ပြုလုပ်၍ အစိုဓာတ်ခန်းခြောက်စေကာ အတုံးလိုက်(Bale) ပုံစံ ထုပ်ပိုးသည်။

Myanmar Standard Rubber(MSR)များကို စက်ရုံကြီးများ၌ အပူချိန် ၁၁၀ ဒီဂရီစင်တီဂရိတ်မှ ၁၂၀ ဒီဂရီစင်တီဂရိတ်အထိ ရှိသော ပူပြင်းသည့် အခြောက်ခံဖိုများဖြင့် ဖြတ်သန်းကာ ဓာတ်ခွဲခန်းသုံး စံချိန်စံညွှန်းစစ်ဆေးမှုများအပြီးတွင် တစ်တုံးလျှင် ၃၄ ဒသမ ၇ ကီလိုဂရမ်ရှိသော (MSR)အတုံးများအဖြစ် ဖိသိပ်ထုပ်ပိုး၍ ပြည်ပသို့ တင်ပို့ရောင်းချသည်ကို တွေ့ရပါသည်။

ဈေးကွက်ဝယ်လိုအားနှင့် နယ်စပ်ပို့ကုန်လမ်းကြောင်းမှ မြန်မာ့ MSR 10 နှင့် MSR 20 ရော်ဘာများ၏ ၇၀ ရာခိုင်နှုန်းကျော်ကို တရုတ်နိုင်ငံမှ အဓိကဝယ်ယူလျက်ရှိပြီး မလေးရှား၊ အိန္ဒိယ၊ ဗီယက်နမ်၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့သို့ တိုက်ရိုက် (သို့မဟုတ်) နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ တစ်ဆင့် စဉ်ဆက်မပြတ်တင်ပို့လျက်ရှိပါသည်။

မြန်မာနိုင်ငံအတွင်း ရော်ဘာကို ရှမ်းပြည်နယ်အပါအဝင် အခြားတိုင်းဒေသကြီး၊ ပြည်နယ်များတွင် စိုက်ပျိုးထုတ်လုပ်လျက်ရှိသလို အထူးသဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၌ စိုက်ပျိုးထုတ်လုပ်နေမှုကို တင်ပြလိုပါသည်။ ယနေ့ကာလတွင် နယ်စပ်ပို့ကုန်လုပ်ငန်းများ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်သည့် တာချီလိတ်ခရိုင်အတွင်း ရော်ဘာစိုက်ဧက ၂၀၆၄၉ ဧက၊ မိုင်းယောင်းခရိုင်တွင် ၆၂၉၃ ဧက၊ မိုင်းယုမြို့တွင် အထူးဒေသ(၄)အပါအဝင် ၁၂၅၇၁ ဧက ရှိကြောင်း သက်ဆိုင်ရာစာရင်းများအရ သိရပါသည်။

ယင်းစိုက်ပျိုးဧကများမှ ထွက်ရှိသည့် ရော်ဘာများကို နိုင်ငံတကာတွင် ဈေးကွက်ဝယ်လိုအားနှင့် ဈေးနှုန်းမြင့်မားစွာ ရရှိနိုင်သည့် Myanmar Standard Rubber(MSR) များအဖြစ် ထုတ်လုပ်၍ မဲခေါင်မြစ်၏ ရေလမ်းကြောင်းကို အသုံးပြုကာ တရုတ်၊ ထိုင်း၊ လာအိုနိုင်ငံတို့မှတစ်ဆင့် ကုန်သွယ်မှုထွက်ပေါက်များကို ရှာဖွေပြီး နိုင်ငံတကာသို့ တင်ပို့နိုင်လျှင် ဒေသတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရုံသာမက နိုင်ငံတော်အတွက် ဝင်ငွေများစွာရရှိနိုင်မည်ဖြစ်ပါသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ထွက်ရှိသည့် ရော်ဘာများကို ပြည်ပသို့ တင်ပို့နိုင်မှုအနေဖြင့် တာချီလိတ်ကုန်သွယ်ရေးစခန်း၏ စာရင်းများအရ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် မက်ထရစ် တန် ၆၈၀ ဖြစ်ရာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ သုည ဒသမ ၅၆၉ ဒေါ်လာသန်း၊ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် တန် ၁၄၀ တန်ဖိုးအားဖြင့် သုည ဒသမ ၂၀၉ ဒေါ်လာသန်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ၁၆၄ တန်၊ တန်ဖိုးအားဖြင့် သုည ဒသမ ၂၁၆ ဒေါ်လာသန်း အသီးသီးတင်ပို့နိုင်ခဲ့ကြောင်း သိရှိရပါသည်။

မြန်မာ့ရော်ဘာများ ပြည်ပသို့ ကုန်ကြမ်းများ တင်ပို့နိုင်ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိနိုင်ပြီး ပြည်တွင်း စက်မှုကဏ္ဍတိုးတက်လာစေရေးအတွက် အဆင့်မြင့်ရော်ဘာများ တင်ပို့ထုတ်လုပ်နိုင်ခြင်း၊ ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိကာ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေခြင်း စသည့် အကျိုးကျေးဇူးများ မလွဲကေန် ရရှိမည်ဖြစ်ပါသည်။ ထို့အပြင် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်းစနစ်ဖြင့် ဈေးကွက်များ ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။

မြန်မာ့ရော်ဘာများကို အဆင့်မြှင့်တင်၍ တင်ပို့ခြင်းနှင့် တန်ဖိုးမြှင့်ကုန်ချောပစ္စည်းများ ထုတ်လုပ်နိုင်ရန်အတွက် စက်ရုံ၊ အလုပ်ရုံများ ထူထောင်နိုင်ရန်လည်း လွန်စွာအရေးကြီးလှပါသည်။

ထိုသို့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်း စက်ရုံအလုပ်ရုံများ ထူထောင်နိုင်ပါက ရော်ဘာ အဆင့်မြှင့်တင်ခြင်းနှင့် ကုန်ချောပစ္စည်းများ ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်မည့် ရော်ဘာစေး ကုန်ကြမ်းပစ္စည်းများ ပေါများခြင်း၊ လိုအပ်သည့် လျှပ်စစ်ဓာတ်အားနှင့် မြေနေရာများရှိခြင်း၊ အခြေခံအဆောက်အအုံများ ဆောက်လုပ်ရန် လုပ်ငန်းသုံးပစ္စည်းများ လွယ်ကူစွာ ရရှိနိုင်မည်ဖြစ်ခြင်း၊ ရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်အားရှိခြင်း၊ နိုင်ငံတကာသို့ ထိုးဖောက်တင်ပို့နိုင်ရန် ကုန်သွယ်မှုလမ်းကြောင်းများ ကောင်းမွန်စွာရှိနေခြင်း စသည့်အခွင့်အလမ်းကောင်းများကို ပိုင်ဆိုင်ထားရှိသည့် ဒေသဖြစ်ပါသည်။

ယင်းသို့ အခွင့်အလမ်းကောင်းများ များစွာရှိနေသည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ရော်ဘာအဆင့်မြှင့်တင်နိုင်သည့် စက်ရုံ၊ အလုပ်ရုံများ ထူထောင်နိုင်ပါက ရော်ဘာစိုက်ပျိုးသူများ ဈေးကွက် ခိုင်မာစွာရရှိနိုင်ခြင်းနှင့်အတူ ဒေသတွင်း ပြည်သူများ ဝင်ငွေတိုးတက်ရရှိနိုင်ခြင်း၊ နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေနှင့် ကုန်သွယ်မှု အခွင့်အလမ်းကောင်းများ များစွာဖြစ်ထွန်းလာမည်ဖြစ်ပါသည်။ ထို့ပြင် ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးနှင့် စက်မှုကုန်ချောများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs) ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက်လည်း တစ်ဖက်တစ်လမ်းမှ များစွာအထောက်အကူပြုစေမည်ဖြစ်ပါသည်။

တာချီလိတ်ခရိုင်အတွင်း ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုနှင့် ပြည်ပပို့ကုန်အဖြစ် တင်ပို့နိုင်ရေးတို့အတွက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ကုန်သွယ်ရေးဦးစီးဌာန၊ တာချီလိတ်ကုန်သွယ်ရေးစခန်း(မယ်ယန်း)မှ ညွှန်ကြားရေးမှူးနှင့် သက်ဆိုင်ရာဌာနများက ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများ၊ ပြည်ပပို့ကုန်တင်ပို့နေသည့် လုပ်ငန်းရှင်များအား သတ်မှတ်ချက်များနှင့်အညီ ဖြစ်စေရေး အသိပေးမှုများလည်း ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့အသိပေးဆွေးနွေးရာတွင် စိုက်ပျိုးထုတ်လုပ်မှု အောင်မြင်စေသည့် နည်းလမ်းများ၊ ပြည်ပဝယ်လိုအားနှင့် ရော်ဘာ အမျိုးအစားအလိုက် ဈေးကွက်များ၊ ကုန်သွယ်မှုဆိုင်ရာ မူဝါဒများ၊ ပင်ရင်းသက်သေခံလက်မှတ်ဆိုင်ရာများနှင့် ဘဏ္ဍာရေးနှစ်အလိုက် နယ်စပ်မှ ပြည်ပသို့ ရော်ဘာတင်ပို့နိုင်မှုတို့ကို သိရှိဆောင်ရွက်နိုင်ရေး ရှင်းလင်းဆွေးနွေးပေးလျက်ရှိပါသည်။

*စာမျက်နှာ ၁၃ သို့*

❂ *ကျော့ဖုံးမှ*

ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိပြည်နယ်အားကစားကွင်းနှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ကိုးသိန်းအားကစားကွင်းတို့၌ ဇုန်လေးဇုန်ခွဲ၍ ကျင်းပခဲ့သည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် U-19 (အမျိုးသမီး) ဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုများကို သက်ဆိုင်ရာ ဇုန်များအလိုက် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ပြိုင်ပွဲကျင်းပရေးအဖွဲ့မှ တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များ တစ်ခဲနက် လာရောက်ကြည့်ရှုအားပေးခဲ့သည်။



ယနေ့ "၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် U-19 (အမျိုးသမီး)ဘောလုံးပြိုင်ပွဲ" အုပ်စုပတ်လည်နောက်ဆုံးအဆင့် ပွဲစဉ်များအဖြစ် ကရင်ပြည်နယ် ဘားအံမြို့ရှိ ဇွဲကပင်အားကစားကွင်း၌ ကယားပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မန္တလေးတိုင်းဒေသကြီးအသင်းက ကယားပြည်နယ် အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ အားကစားဥယျာဉ်ကွင်း၌ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ဂိုး - တစ်ဂိုးဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ ပြည်နယ်အားကစားကွင်း၌ စစ်ကိုင်းတိုင်းဒေသကြီး အသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကချင်ပြည်နယ်အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို ခြောက်ဂိုး-နှစ်ဂိုးဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ကိုးသိန်းအားကစားကွင်း၌ မွန်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

၂၀၂၆ ခုနှစ် စက်တင်ဘာ ၂၃ ရက် မွန်းလွဲ ၃ နာရီမှစတင်၍ "၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် U-19 (အမျိုးသမီး) ဘောလုံးပြိုင်ပွဲ" အုပ်စုပတ်လည် နောက်ဆုံးအဆင့် ပွဲစဉ်များအဖြစ် ဘားအံမြို့ရှိ ဇွဲကပင်အားကစားကွင်း၌ အိမ်ရှင်ကရင်ပြည်နယ်အသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ ပြည်နယ်အားကစားကွင်း၌ အိမ်ရှင် ရှမ်းပြည်နယ်အသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို **"အခမဲ့"** လာရောက် ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**



ရွှေလင်ပန်း၊ ငွေပင်လယ်စက်မှုဇုန်၊ မြေကွက်အမှတ် (7/B)ရှိ ဦးသိန်းနိုင်၏ "777" ပလတ်စတစ်စက်ရုံကို တွေ့ရစဉ်။



ဦးသိန်းနိုင်၏ "777" ပလတ်စတစ်စက်ရုံအား တာဝန်ရှိသူများ စစ်ဆေးနေမှုကို တွေ့ရစဉ်။

❍ *ကျော့ဖုံးမှ*

မြို့နယ် ပါဝင်သော ငါးဦးကော်မတီအဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးခဲ့ရာ လျှပ်စစ် ဓာတ်အားခိုးယူသုံးစွဲထားကြောင်း သက်သေအထောက်အထားများဖြင့် စစ်ဆေးတွေ့ရှိရသဖြင့် မီတာအား ချက်ချင်းဖြုတ်သိမ်းခဲ့ပြီး နှစ်နာဆုံးရှုံးခဲ့သော လျှပ်စစ်ဓာတ်အား ယူနစ် ၁၀ ဒသမ ၄၆၈ သန်း အတွက် ကျသင့်လျော်ကြေးငွေကျပ် ၇ ဒသမ ၉၀၇ ဘီလီယံအား ပြန်လည်ပေးလျော်စေရေးနှင့် လျှပ်စစ်ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် သောင်ကြီးနယ်မြေရဲစခန်းတွင် စက်ရုံပိုင်ရှင် ဦးသိန်းနိုင်နှင့် စက်ရုံမန်နေဂျာ ဦးကြည်လှိုင်တို့အား အမှုဖွင့်အရေးယူလျက်ရှိသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနရှိ Control Center များ၏ နည်းပညာများအဆင့်မြှင့်တင်လာနိုင်သည့်အတွက် လျှပ်စစ်ဓာတ်အားခိုးယူသုံးစွဲမှုများ ပိုမို၍ ဖော်ထုတ်လာနိုင်သည်နှင့်အမျှ လျှပ်စစ်ဓာတ်အားမရရှိသေးသည့် ပြည်သူများကို ပိုမို၍ တိုးမြှင့်ဖြန့်ဖြူးပေးနိုင်လျက်ရှိသည်။

ပြည်သူများအနေဖြင့်လည်း လျှပ်စစ်ဓာတ်အားကို စနစ်တကျသုံးစွဲကြရန်နှင့် ဓာတ်အားခိုးယူသုံးစွဲမှုများတွေ့ရှိပါက Call Center များသို့ ဆက်သွယ်သတင်းပေးခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက အသိပေးကြေညာထားကြောင်း သိရသည်။

**သတင်းစဉ်**



လျှပ်စစ်ဓာတ်အားကို ခိုးယူသုံးစွဲနေသည့် "777" ပလတ်စတစ်စက်ရုံမှ ပိုင်ရှင်ဖြစ်သူ ဦးသိန်းနိုင်။



လျှပ်စစ်ဓာတ်အားကို ခိုးယူသုံးစွဲနေသည့် "777" ပလတ်စတစ်စက်ရုံမှ မန်နေဂျာဖြစ်သူ ဦးကြည်လှိုင်။




"777" ပလတ်စတစ်စက်ရုံတွင် ဓာတ်အားခိုးယူ သုံးစွဲထားရှိမှုအား စစ်ဆေးတွေ့ရှိရသည့် သက်သေခံ ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။

■ *ကျော့ဖုံးမှ*

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၇ ရက် ညနေ ၅ နာရီခန့်တွင် စမ်းချောင်းမြို့နယ် ဗားကရာလမ်းမပေါ်ရှိ စမ်းချောင်းလင့်မုန့်ဈေးတန်းတွင် ကြည့်မြင်တိုင်မြို့နယ် ဟုမ်းလမ်းဘူတာရပ်ကွက် ပန်းလှိုင်အိမ်ရာနေ မောင်ဇူဇင်ဝင်းထွဋ် (၂၃)နှစ်နှင့် သူငယ်ချင်းဖြစ်သူ လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ် (၈) ရပ်ကွက်နေ မောင်အာကာကျော် (၁၈)နှစ်တို့ နှစ်ဦးသည် အမည်မသိ လူငယ်တစ်စုနှင့် စကားများရန်ဖြစ်ကြစဉ် ၎င်းတို့နှစ်ဦးကို လူငယ်များက ဝိုင်းဝန်းရိုက်နှက်၍ ဆဲဆိုခြိမ်းခြောက်ကာ ဓားဖြင့် ထိုးခဲ့သောကြောင့် မောင်ဇူဇင်ဝင်းထွဋ်နှင့် မောင်အာကာကျော်တို့နှစ်ဦးတွင် ခန္ဓာကိုယ်၌ ဒဏ်ရာများ အသီးသီးရရှိခဲ့ကြောင်းသတင်းအရ ပြစ်မှုကျူးလွန်သူလူငယ်များအား ဖော်ထုတ်အရေးယူနိုင်ရေး စမ်းချောင်းမြို့မရဲစခန်းတွင် အမှုဖွင့်လှစ်ကာ တရားခံများအား စုံစမ်းဆောင်ရွက်ခဲ့သည်။

လုံခြုံရေး တပ်ဖွဲ့ဝင်များက အဆိုပါလူငယ်များအား စုံစမ်းဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သူ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၅၆) ရပ်ကွက်နေ မရွှေရည်ဝတီ(ခ) သဒ္ဒါ(၁၈)နှစ်အား ယင်းနေ့ညနေပိုင်းတွင် နေအိမ်မှ ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးချက်အရ ပြစ်မှုကျူးလွန်ရာ၌ ပါဝင်သူများဖြစ်သည့် သူရိန်ထွန်း (ခ) Harry (၁၈)နှစ်၊ တင်အောင်ဝင်း(ခ)ဇင်ကို(၁၈)နှစ်၊ နိုင်မင်းခန့်(ခ)အာကာဟိန်း(ခ)ရိုင်ကူး(၁၇)နှစ်အား ပြစ်မှုကျူးလွန်စဉ်က အသုံးပြုခဲ့သည့် အရိုး/အသွား ခြောက်လက်မ ခွဲခန့်ရှိ ဓားမြှောင်တစ်ချောင်းဖြင့် လည်းကောင်း၊ အောင်အောင် (ခ) ဘူးသီး(၂၀)နှစ်၊ အောင်မြတ်သူ(ခ) နေသက်တန့်လင်း (ခ)ဘိုကီး(၁၄)နှစ်နှင့် မင်းထက်ကျော်(ခ)ကောင်းစည်သူ (ခ)K(၁၇)နှစ်၊ ပြည့်စုံအောင် (၁၆)နှစ်တို့ကို လည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့ပြီး မှုခင်းဖြစ်ပွားခဲ့မှု အခြေအနေကို ဆက်လက်စစ်ဆေးကာ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

❏ *ကျော့ဖုံးမှ*

လူစားဝင် တိုက်စစ်မှူး မင်းဘုန်းခန့်က နောက်ကျအနိုင်ဂိုးကို သွင်းယူပေးခဲ့သဖြင့်သစ္စာအားမာန်အသင်းကို တစ်ဂိုး - ဂိုးမရှိဖြင့်အနိုင်ရရှိကာ ရမှတ်သုံးမှတ် ရယူနိုင်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် ပွဲချိန်တစ်လျှောက် ခြေစွမ်းပြကစားခဲ့သည့် ရန်ကုန်စီးတီးမှ တိုက်စစ်မှူး ထွန်းလင်းအောင်က ပွဲစဉ်အကောင်းဆုံး ကစားသမားဆုကို ရရှိခဲ့သည်။

ဗဟန်းကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်တွင် အဆင့်(၄)နေရာမှ ရှမ်းယူနိုက်တက်အသင်းနှင့် အဆင့် (၁၀) နေရာမှ ဟံသာဝတီယူနိုက်တက်အသင်းတို့ ပထမပိုင်း၌ ဂိုးမရှိသရေကျနေခဲ့သော်လည်း ဒုတိယပိုင်း ၄၈ မိနစ်တွင် မျိုးမင်းခန့်၊ ၆၆ မိနစ်တွင် ဝေလျှံရှိုင်းတို့က ရှမ်းယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးများ သွင်းယူပေးခဲ့သဖြင့် ပွဲပြီးချိန်တွင် ဟံသာဝတီယူနိုက်တက်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ အဆိုပါပွဲစဉ်၏ ပွဲစဉ်အကောင်းဆုံးကစားသမားဆုကို ရှမ်းယူနိုက်တက်အသင်းမှ မျိုးမင်းခန့်က ရရှိခဲ့သည်။

ပွဲစဉ်(၁၆) ဒုတိယနေ့ပွဲစဉ်များကို စက်တင်ဘာ ၂၃ ရက်တွင် ဗဟန်းကွင်း၌ ရတနာပုံနှင့် မြဝတီအသင်း၊ YUSC ကွင်း၌ ISPE နှင့် GALAXY အသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **နေမျိုး၊ ဓာတ်ပုံ-ML**

❈ *ကျော့ဖုံးမှ*

အနီဆီမိုဗာအပြင် အင်ဒိုနီးရှားတင်းနစ်မယ် ဂျဲနစ်ချန်လည်း ဒဏ်ရာကြောင့် အဆိုပါပြိုင်ပွဲမှ နုတ်ထွက်ခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် ယူအက်စ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် တတိယအဆင့်အထိ တက်လှမ်းနိုင်ခဲ့သော အနီဆီမိုဗာသည် စင်ကာပူအိုးပင်းတင်းနစ်ပြိုင်ပွဲမှ နုတ်ထွက်သွားသည့် ၁၁ ဦးမြောက် တင်းနစ်မယ်ဖြစ်လာကြောင်း သိရသည်။ စင်ကာပူအိုးပင်းတင်းနစ်ပြိုင်ပွဲသည် ဒဗလျူတီအေ ၅၀၀ အဆင့်ရှိ ပြိုင်ပွဲအမျိုးအစားဖြစ်ပြီး ကမ္ဘာ့အဆင့် ၅ ရှိ မေရာ အန်ဒရေဗာ၊ နာမည်ကြီး ဖိလစ်ပိုင်တင်းနစ်မယ် အယ်လာနှင့် လက်ရှိချန်ပီယံ အဲလစ်မာတင်စ်တို့ ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ **အောင်ဇော်**

❖ *ကျော့ဖုံးမှ*

ဆရာ ဆရာမများ၊ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများစုပေါင်း၍ ကျောင်းအတွင်းအပြင် သန့်ရှင်းရေး၊ သန့်ရှင်းသောသောက်သုံးရေ ရရှိရေးနှင့် ကျောင်းကျန်းမာရေးလုပ်ငန်းများဆောင်ရွက်ပြီး ကျောင်းများပြန်လည်ဖွင့်လှစ်သင်ကြားလျက်ရှိပြီး သင်ခန်းစာများနောက်မကျစေရေးအတွက်ကိုလည်း အစားထိုးကျောင်းတက်ရက်များဖြင့် ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

*စာမျက်နှာ ၁၂ မှ*

မြန်မာ့ရော်ဘာများကို အဆင့်အတန်းနှင့် အရည်အသွေးမြင့်မားသည့် Myanmar Standard Rubber(MSR)အဖြစ် ထုတ်လုပ်တင်ပို့နိုင်သည့် ရော်ဘာသန့်စင်စက်ရုံကြီးများ တည်ဆောက်၍ နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်နိုင်သည့် လမ်းကြောင်းများ တည်ရှိရာ ကြီးမားသည့် အခွင့်အရေးကောင်းများ ပိုင်ဆိုင်ထားသည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဒေသသည်လည်း အပါအဝင် ဖြစ်ပါသည်။

ထိုအလားအလာကောင်းအခွင့်အလမ်းကောင်းဖြစ်တည်မှုများသည် တစ်ကြိမ်တစ်ဖန် ပြန်လည်ရရှိရန် ခက်ခဲနိုင်သည်ဖြစ်ရာ ဒေသတွင်းနေ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများ၊ ကုန်သည်စီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်သူများ၊ သက်ဆိုင်ရာဌာနများက လက်တွဲညီညီ ဝိုင်းဝန်းကြိုးစားဆောင်ရွက်လျှင် ဒေသတွင်း ပြည်သူများ၏ အကျိုးစီးပွားနှင့် နိုင်ငံတော်၏ အကျိုးစီးပွားများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# သမိုင်းဝင်အယ်လ်နီညိုဖြစ်စဉ်အတွက် ကြိုတင်ပြင်ဆင်ရန် ကယ်လီဖိုးနီးယားပြည်နယ်က အရေးပေါ်အခြေအနေ ကြေညာ

လော့စ်အိန်ဂျလိစ် စက်တင်ဘာ ၂၂

အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယား ပြည်နယ်သည် သမိုင်းဝင်အယ်လ်နီညို ရာသီဥတု ဖြစ်စဉ်ဖြစ်ပေါ်လာနိုင်သည့် အခြေအနေအပေါ် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန် စက်တင်ဘာ ၂၁ ရက်တွင် အရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့သည်။

အုပ်ချုပ်ရေးမှူးရုံး၏ ထုတ်ပြန်ချက်အရ ယင်းကဲ့သို့ ကြေညာချက်ထုတ်ပြန်ခြင်းဖြင့် ကယ်လီဖိုးနီးယားပြည်နယ်အတွင်းရှိ အရင်းအမြစ်များကိုစုစည်းကာ လာမည့်ဆောင်းရာသီတွင် ဖြစ်ပေါ်လာနိုင်သည့် မုန်တိုင်းများ၊ ကမ်းရိုးတန်း ရေကြီးရေလျှံမှုများနှင့် အခြားဆိုးကျိုးသက်ရောက်မှုများမဖြစ်ပေါ်မီ ကြိုတင်ပြင်ဆင်မှုများကို အရှိန်မြှင့် ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဖြစ်ပေါ်လျက်ရှိသည့် အယ်လ်နီညိုရာသီဥတု ဖြစ်စဉ်သည် စံချိန်မှတ်တမ်းများကို စတင်ချိုးဖျက်နေပြီး ဆက်လက်အားကောင်းလာကာ သမိုင်းတစ်လျှောက် စံချိန်တင်အားအကောင်းဆုံးဖြစ်လာနိုင်ကြောင်း ရာသီဥတုဆိုင်ရာ ခန့်မှန်းတွက်ချက်သူများက မျှော်လင့်ထားသည်ဟု ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထို့အပြင် ထိခိုက်လွယ်သည့် လူမှုအသိုင်းအဝိုင်းများကို အကာအကွယ်ပေးရန်၊ လမ်းများနှင့် အရေးကြီးသည့် အခြေခံအဆောက်အအုံများကို ပြင်ဆင်ထားရှိရန်၊ အရေးပေါ်ထောက်ပံ့ရေးပစ္စည်းများ သိုလှောင်ထားရှိရန်နှင့် ရေကြီးရေလျှံမှု၊ မြေပြိုမှုနှင့် ကမ်းရိုးတန်းအန္တရာယ်များ လျှော့ချနိုင်ရေးအတွက် ဒေသတွင်းမိတ်ဖက်အဖွဲ့အစည်းများကို အကူအညီပေးရန်လည်း ညွှန်ကြားထားကြောင်း သိရသည်။ **ဆင်ဟွာ**

# ဂျပန်ဝန်ကြီးချုပ် ကုလသမဂ္ဂအထွေထွေညီလာခံ တက်ရောက်ရန် အမေရိကန်သို့ ရောက်ရှိ

တိုကျို စက်တင်ဘာ ၂၂

ဂျပန်ဝန်ကြီးချုပ် တာကာအီချီ ဆာနာအဲသည် ကုလသမဂ္ဂအထွေထွေညီလာခံ တက်ရောက်ရန် အမေရိကန်ပြည်ထောင်စုသို့ ရောက်ရှိလာပြီဖြစ်သည်။

တာကာအီချီသည် ကုလသမဂ္ဂအထွေထွေညီလာခံတွင် ရာသီဥတုပြောင်းလဲမှု၊ တရားဥပဒေစိုးမိုးရေးနှင့် ကုလသမဂ္ဂပြုပြင်ပြောင်းလဲရေးတို့အပါအဝင် အကြောင်းအရာများနှင့်ပတ်သက်၍ ပြောကြားသွားမည်ဖြစ်သည်။

ဂျပန်နိုင်ငံသည် လွတ်လပ်၍ ပွင့်လင်းသော အင်ဒို-ပစိဖိတ်ဒေသတွင်း ပိုမိုတိုးတက်ပြောင်းလဲလာသည့် မူဝါဒအမြင်နှင့်အတူ ရှေ့တန်းမှ ဦးဆောင်ပါဝင်လိုကြောင်း တာကာအီချီက ပြောကြားခဲ့သည်။

ထို့အပြင် စွမ်းအင်နှင့် ထောက်ပံ့ရေးကွင်းဆက်များခိုင်မာစေရေး၊ ကမ္ဘာ့တောင်ဘက်ခြမ်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ဉာဏ်ရည်တု (AI) ကဲ့သို့သော နည်းပညာသစ်များ၏စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရေးတို့ကိုလည်း ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**



# ဆော်ဒီအာရေဗျနိုင်ငံအပေါ် ဟူသီအဖွဲ့၏ ဆက်လက်တိုက်ခိုက်မှုများကို ကုလသမဂ္ဂ ပြင်းထန်စွာရှုတ်ချ

နယူးယောက် စက်တင်ဘာ ၂၂

ဆော်ဒီအာရေဗျနိုင်ငံအပေါ် ဟူသီအဖွဲ့၏ ဆက်လက်တိုက်ခိုက်မှုများကို ကုလသမဂ္ဂက စက်တင်ဘာ ၂၁ ရက်တွင် ရှုတ်ချလိုက်ပြီး သက်ဆိုင်ရာအဖွဲ့များအနေဖြင့် ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ကြရန်နှင့် ပဋိပက္ခများ ပိုမိုပြင်းထန်လာမှုကို တားဆီးကြရန် တိုက်တွန်းထားသည်။

ကုလသမဂ္ဂက မြို့တော်ရီယာဒ်ကို ပစ်မှတ်ထားတိုက်ခိုက်ရန် ကြိုးပမ်းမှုအပါအဝင် ဆော်ဒီအာရေဗျနိုင်ငံအပေါ် ဟူသီအဖွဲ့၏ နယ်စပ်ဖြတ်ကျော် ဆက်လက်တိုက်ခိုက်နေမှုများကို ပြင်းထန်စွာရှုတ်ချကြောင်း ထပ်လောင်းပြောကြားသည်။ တိုင်ဇ်၊ လာဟစ်နှင့် မာရစ်ဘ် ဒေသများ၌ ဟူသီအဖွဲ့၏ ထိုးစစ်ဆင်မှုများ အပါအဝင် ယီမင်နိုင်ငံအတွင်းနှင့် ဝန်းကျင်ဒေသများတွင် စစ်ရေးလှုပ်ရှားမှုများ တိုးမြှင့်လုပ်ဆောင်လာမှုအပေါ် အလွန်အမင်းစိုးရိမ်ကြောင်း ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ ပြောရေးဆိုခွင့်ရှိသူ စတီဖန် ဒူဂျာရစ်က ပြောကြားသည်။

အလုပ်သမားများနှင့် အလုပ်ဘက်အခြေခံအဆောက်အအုံများကို တိုက်ရိုက်တိုက်ခိုက်ခြင်းမပြုလုပ်ရန် တားမြစ်ထားသည့် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဥပဒေအရ ၎င်းတို့၏တာဝန်နှင့်ဝတ္တရားများကိုလိုက်နာကြရန် သက်ဆိုင်ရာအဖွဲ့များကို ကုလသမဂ္ဂက တိုက်တွန်းထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ယီမင်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူးသံတမန် ဟန်းစ်ဂရန်းဘတ်ဂ်သည် လတ်တလောတွင် အိုမန်အကြီးတန်း တာဝန်ရှိသူများနှင့် ဟူသီအဖွဲ့ကိုယ်စားလှယ်များနှင့် အိုမန်နိုင်ငံ၏မြို့တော် မတ်စကတ်တွင် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်လျက်ရှိကြောင်း ဒူဂျာရစ်က ပြောကြားသည်။ **ဆင်ဟွာ**

# အေအိုင်ထိန်းချုပ်ရေး အမေရိကန်ဦးဆောင်သည့် နိုင်ငံတကာစံနှုန်းများ ချမှတ်ရန် OpenAI တိုက်တွန်း

ဝါရှင်တန် စက်တင်ဘာ ၂၂

အဆင့်မြင့် အတုမဲ့ဉာဏ်ရည် (Frontier AI) လျင်မြန်စွာတိုးတက်လာမှုအပေါ် ကမ္ဘာတစ်ဝန်း စိုးရိမ်မှုများ မြင့်တက်နေသည့်အချိန်တွင် AI အပေါ် ထိန်းချုပ်မှု လက်ဦးစေရန် အမေရိကန်က ဦးဆောင်၍ နိုင်ငံတကာစံနှုန်းများ သတ်မှတ်သင့်ကြောင်း OpenAI က အကြံပြုတောင်းဆိုလိုက်သည်။

ChatGPT ကို တီထွင်သည့် အမေရိကန်ကုမ္ပဏီ OpenAI သည် ဘေးကင်းလုံခြုံရေးဆိုင်ရာ နိုင်ငံတကာစံနှုန်းများချမှတ်နိုင်ရန် အဆိုပြုချက်အသစ်များကို တနင်္လာနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။ အမေရိကန်အနေဖြင့် ယခုကဲ့သို့သော အခြေအနေတွင် အခြားကမ္ဘာ့နိုင်ငံများနှင့်ပူးပေါင်း၍ AI ဘေးကင်းလုံခြုံရေးဆိုင်ရာ စံနှုန်းများ ဖော်ဆောင်ရေးကို ဦးဆောင်လုပ်ဆောင်သင့်ကြောင်း OpenAI က ပြောကြားသည်။

သင့်လျော်သည့် အရေးယူဆောင်ရွက်မှုများမပြုလုပ်ပါက AI ဖွံ့ဖြိုးတိုးတက်မှုအပေါ် လူသားများ၏ ထိန်းချုပ်နိုင်စွမ်း လျော့နည်းလာနိုင်ပြီး AI သည် ပိုမိုကြီးမားသည့် အန္တရာယ်တစ်ရပ်အဖြစ်သို့ ရောက်ရှိလာနိုင်ကြောင်း ယင်းကုမ္ပဏီက ဆက်လက်သတိပေးထားသည်။ **အင်န်အိတ်ချ်ကေ**




# မလေးရှား၌ မြူထူထပ်မှု ၂၀၂၇ ခုနှစ် အစောပိုင်းအထိ ဆက်လက်ဖြစ်ပေါ်နိုင်

ကွာလာလမ်ပူ စက်တင်ဘာ ၂၂

အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာသည့် ပူပြင်းခြောက်သွေ့သော ရာသီဥတုရှည်ကြာမှုကြောင့် မြူထူထပ်မှုအခြေအနေသည် လာမည့် ၂၀၂၇ ခုနှစ် အစောပိုင်းအထိ ဆက်လက်တည်ရှိနေနိုင်ကြောင်း မလေးရှားနိုင်ငံ သဘာဝသယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ရေးဝန်ကြီး အာသာကျိုးဆက်ကူရပ်က စက်တင်ဘာ ၂၂ ရက်တွင် ပြောကြားသည်။



အယ်လ်နီညိုရာသီဥတုဖြစ်စဉ်သည် ယခုနှစ် အောက်တိုဘာလမှစတင်ကာ လာမည့်နှစ် ဇန်နဝါရီလအထိ အလွန်အားကောင်းသည့် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်အဖြစ် ရောက်ရှိလာနိုင်ပြီး ယင်း၏အကျိုးသက်ရောက်မှုမှာ ဖွေလအထိ ဆက်လက်တည်ရှိနေနိုင်ကြောင်း၊ လတ်တလောတွင် အနောက်တောင်မုတ်သုံကြောင့် မိုးရွာသွန်းမှုနည်းပါးပြီး ပူပြင်းခြောက်သွေ့သော ရာသီဥတုအခြေအနေများ ဖြစ်ပေါ်လျက်ရှိကြောင်း ၎င်းက ဒေသတွင်းမီဒီယာများသို့ ပြောကြားသည်။

ကာလရှည်ဖြစ်ပေါ်မည့် ခြောက်သွေ့သော ရာသီဥတုအခြေအနေများကြောင့် မကြာခဏ မီးလောင်မှုဖြစ်ပွားလေ့ရှိသည့် ဒေသများတွင် မီးလောင်မှုအန္တရာယ် မြင့်တက်လာနိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **ဆင်ဟွာ**

# ကုန်ဈေးနှုန်းကြီးမြင့်မှု သက်သာစေရန် စားသုံးသူ ထောက်ပံ့ရေးအစီအစဉ်သစ် ထိုင်းအစိုးရ အတည်ပြု

ဗန်ကောက် စက်တင်ဘာ ၂၂

ထိုင်းနိုင်ငံအစိုးရအဖွဲ့သည် ကမ္ဘာ့စွမ်းအင်အကျပ်အတည်းကြောင့် ဖြစ်ပေါ်လာသည့် ကုန်ဈေးနှုန်းကြီးမြင့်မှုဒဏ်ကို ကုစားရန် ဘတ် ၄၂ ဒသမ ၆၉ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၈ ဘီလီယံခန့်) သုံးစွဲမည့် စားသုံးသူထောက်ပံ့ရေး အစီအစဉ်သစ်တစ်ရပ်ကို စက်တင်ဘာ ၂၂ ရက်တွင် အတည်ပြုခဲ့သည်။

ထိုင်းဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီး အက်နီတီ နီတိသန်ပရာပက်စ်တို့က ဆက်လက်ဖြစ်ပွားနေသည့် အရှေ့အလယ်ပိုင်း ပဋိပက္ခများကြောင့် ကမ္ဘာ့လောင်စာဆီဈေးနှုန်းများ မြင့်တက်လာကြောင်း၊ ပြည်တွင်းငွေကြေးဖောင်းပွမှုနှုန်းမှာ ၂ ဒသမ ၅ ရာခိုင်နှုန်းအထိ ရောက်ရှိလာကြောင်းနှင့် ထိုင်းနိုင်ငံ၏ ကုန်ထုတ်လုပ်မှုအညွှန်းကိန်းမှာ ၁၀ ရာခိုင်နှုန်းနီးပါး မြင့်တက်လာကြောင်း ပြောကြားသည်။

လောင်စာဆီဈေးနှုန်းများနှင့် လူနေမှုစရိတ်များ မြင့်တက်လာခြင်း၊ လူထု၏အသုံးစရိတ်လျော့နည်းကျဆင်းလာခြင်းတို့ကြောင့် စီးပွားရေးတွင် ဆိုးရွားသောရိုက်ခတ်မှု လှိုင်းသုံးလှိုင်း ဆက်တိုက်ကြုံတွေ့ခဲ့ရကြောင်း၊ ထို့ကြောင့် ပြည်သူလူထုကို ပိုမိုကာကွယ်စောင့်ရှောက်ရန် အစိုးရအနေဖြင့် ဝင်ရောက်ကူညီပေးရန် လိုအပ်လာပြီဖြစ်ကြောင်း အက်နီတီက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ထိုင်းနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ နိုင်ငံသားများ၏ ဝယ်ယူနိုင်စွမ်းအားကို ထိန်းသိမ်းထားနိုင်ရန်နှင့် အရည်အချင်းပြည့်မီသည့် ထိုင်းနိုင်ငံသား ၄၇ သန်းခန့်ကို လွှမ်းခြုံနိုင်ရန်အတွက် စားသုံးသူထောက်ပံ့ရေးအစီအစဉ်ကို အဓိကစိမ်ကိန်းနှစ်ခုအဖြစ်ခွဲခြား၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

# ဂျပန်နိုင်ငံ၌ တိုင်ဖွန်းမုန်တိုင်း ဒူဂျွန်းကြောင့် ခြောက်ဦးသေဆုံးပြီး ခြောက်ဦးပျောက်ဆုံးနေ

တိုကျို စက်တင်ဘာ ၂၂

ဂျပန်နိုင်ငံ ကန်တိုဒေသနှင့် တိုကျိုကျွန်းစုဒေသများတွင် တိုင်ဖွန်းမုန်တိုင်း ဒူဂျွန်း (Dujuan) တိုက်ခတ်မှုကြောင့် စံချိန်တင်မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး နေရာအနှံ့အပြားတွင် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါမုန်တိုင်း ဒူဂျွန်းသည် ယခုအခါ ဂျပန်နိုင်ငံမှ ရွေ့လျားထွက်ခွာသွားပြီဖြစ်သော်လည်း မိုးလေဝသတာဝန်ရှိသူများက အမြင့်ဆုံးသတိပေးချက်များ ထုတ်ပြန်ထားမှုကို ဆက်လက်လိုက်နာကြရန် ပြည်သူများအား တိုက်တွန်းထားသည်။ စက်တင်ဘာ ၂၂ ရက် နံနက်ပိုင်းတွင် ချီဘာခရိုင် ဆာကူရာမြို့ရှိ လူနေရပ်ကွက်အချို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သည်။ **အင်န်အိတ်ချ်ကေ**

# မြန်မာနိုင်ငံနှင့် ဘယ်လာရုစ် နှစ်နိုင်ငံအကျိုးရှိမည့်လုပ်ငန်းများကို ကဏ္ဍအလိုက်ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရေး ကြိုးပမ်း



**နေပြည်တော် စက်တင်ဘာ ၂၂**

ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့၌ရောက်ရှိနေသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲထွန်းဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၈ ရက်တွင် JSC Krutogorye–Petkovichi စိုက်ပျိုးမွေးမြူရေးလုပ်ငန်း၏ နို့စားနွားခြံနှင့် အစာသိမ်းဆည်းသိုလှောင်မှုစနစ်နှင့် အစာကျွေးမှုစနစ်ကိုလည်းကောင်း၊ Mira OJSC "Mashpishcheprod" Mirabel–by လုပ်ငန်းစု၏ အာလူးစိုက်ပျိုးမှုနှင့် ထုတ်ကုန်များထုတ်လုပ်မှုကိုလည်းကောင်း လေ့လာခဲ့ကြသည်။

ဒုတိယဝန်ကြီးဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၆ ရက်မှ ၁၈ ရက်အထိ Minsk International Exhibition Center (BELEXPO)တွင် ကျင်းပပြုလုပ်သည့် (၂၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ဗိသုကာနှင့် ဆောက်လုပ်ရေးပြပွဲ "BUDEXPO–2026" သို့ တက်ရောက်လေ့လာခဲ့ကြပြီး ဘယ်လာရုစ်နိုင်ငံ၏ ပုဂ္ဂလိကစိုက်ပျိုးရေး မွေးမြူရေးလုပ်ငန်းများ၊ သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ စိုက်ပျိုးမွေးမြူရေးထွက်ကုန် အခြေခံကုန်ထုတ်လုပ်ငန်းများ၊ ဗိသုကာလက်ရာမြောက် အဆောက်အအုံများနှင့် တည်ဆောက်ရေးလုပ်ငန်းခွင်များ၊ မြေယာရှုခင်းများကို လေ့လာခဲ့ကြပြီး သက်ဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့အကြား နည်းပညာပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံအကျိုးရှိမည့်လုပ်ငန်းများကို ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရေးဆိုင်ရာများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဒုတိယဝန်ကြီးဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၂၁ ရက်တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)၌ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများလေ့လာ

**နေပြည်တော် စက်တင်ဘာ ၂၂**

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသားလူငယ်များအား မျိုးချစ်စိတ်ရှင်သန်ထက်မြက်လာစေရန်၊ ခေတ်အဆက်ဆက် တပ်မတော်သမိုင်းအစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန်စသည့် ရည်ရွယ်ချက်များဖြင့် ကျောင်းသားကျောင်းသူများအား တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်) သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။



ယင်းသို့စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ(နေပြည်တော်)တပ်ကုန်းမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း(ကင်းသာ)၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)(သူဌေးကုန်း)နှင့် ကိုယ်ပိုင်အထက်တန်းကျောင်း (စေတနာ) တို့မှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်) သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ရောက်ရှိကြပြီး ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များ၏ စစ်လက်နက်ပစ္စည်းများ၊ စစ်ရေယာဉ်များနှင့် တပ်မတော်လေယာဉ်များကို လေ့လာခဲ့ကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ပြတိုက်တာဝန်ရှိသူက ပြတိုက်၏သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ယင်းနောက် ပြတိုက်အတွင်းရှိ တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် လက်ရုံးတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံး ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းများအလိုက် တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာ ကြည့်ရှုကြပြီး ကျောင်းသား ကျောင်းသူများအတွက် ယနေ့လေ့လာမှတ်သားခဲ့သည့်ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကျင်းပပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူများ၏ မေးမြန်းချက်များကို မှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်ချီးမြှင့်ကြသည်။ **သတင်းစဉ်**

# ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၂**

အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁၈ ရက်နံနက်ပိုင်းတွင် နေပြည်တော်ရှိဥတ္တရသိဒ္ဓိရပ်ကွက် ဗုဒ္ဓရတနာပရဟိတကျောင်းတိုက်၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ ခေတ္တဒုတိယတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်ကျော်စိုးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**





(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် သံလျက်မော်တောင်ရပ်ကွက်ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးဝင်းအတွင်း၌ စက်တင်ဘာ ၂၂ ရက်က မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ယာယီရဲမှူးချုပ်ကျော်စိုးဝင်း ဦးစီး၍ တပ်ဖွဲ့ခွဲမှူးနှင့် ခရိုင်/ မြို့နယ်များမှ အရာရှိ၊ ရဲတပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။ ဘုန်းမြတ်

# မိတ္ထီလာမြို့နယ်အတွင်း ကျေးရွာချင်းဆက် ကွန်ကရစ်လမ်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး


**မိတ္ထီလာ စက်တင်ဘာ ၂၂**

၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးပြည်ထောင်စုရန်ပုံငွေဖြင့် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် အလည်ရွာကျေးရွာအုပ်စု သီးပင်ကုန်းကျေးရွာမှ ကန်နီကျေးရွာအုပ်စု ကန်နီကျေးရွာ ဆက်သွယ်သော အမာခံလမ်း ၁ မိုင် ၃ ဖာလုံအနက် ကွန်ကရစ်ခင်းပြီး ကျန်ရှိနေသည့် ၇ ဖာလုံကို ၁၂ ပေ အကျယ် ကွန်ကရစ်ခင်းခြင်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်သည်။



အဆိုပါ ကျေးရွာချင်းဆက်လမ်းကို နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး ထိုကဲ့သို့ ဆောင်ရွက်ပေးမှုကြောင့် မိတ္ထီလာမြို့နယ်ရှိ အလည်ရွာ၊ ခင်တဲနှင့် ကန်နီကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာပေါင်း ၃၆ ရွာတွင် နေထိုင်လျက်ရှိသော ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသထွက်ကုန်သီးနှံများ ရောင်းဝယ်ဖောက်ကားသယ်ယူပို့ဆောင်ရာတွင် ယခင်ကထက် ပိုမိုချောမွေ့လွယ်ကူလာခဲ့သဖြင့် ဒေသတွင်းလူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာထိရောက်အကျိုးဖြစ်ထွန်းစေသော လုပ်ငန်းတစ်ခုဖြစ်ကြောင်း မိတ္ထီလာခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ သိရသည်။

**သတင်းစဉ်**



(၆၂)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၂ ရက်က သန်လျင်ခရိုင်ရဲတပ်ဖွဲ့ဝင်များက သန်လျင်ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းကြရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်ဌေးနှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးစဉ်။ သန်းဝင်း(သန်လျင်)

## အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးစီမံကိန်း၊ လက်ရက်ကန်းဒီဇိုင်းတီထွင်ဆန်းသစ်မှု နည်းပညာသင်တန်းဆင်းပွဲကျင်းပ

**ဟားခါး စက်တင်ဘာ ၂၂**



၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်မှ စတင်ပြီး အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးပွားရေး စီမံကိန်းလုပ်ငန်းများကို ချင်းပြည်နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ သုံးနှစ်အတွင်း သင်တန်းသား ၁၃၅ ဦးကို သင်ကြားပေးနိုင်ခဲ့ပြီး အသေးစားစက်မှုလက်မှုလုပ်ငန်းထူထောင်နိုင်သူ ၄၅ ဦး ရှိနေပြီဖြစ်သည်။ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင်လည်း စီမံကိန်းလျာထား ဆောင်ရွက်လျက်ရှိပြီး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ချင်းပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် ဒေသခံပြည်သူလူထု တောင်းဆိုသည့် အသက်မွေးဝမ်းကျောင်းသင်တန်းများကို အခမဲ့ဖွင့်လှစ် ဆောင်ရွက်ပေးလျက်ရှိသည်။

ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးရှိ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့ နံနက်ပိုင်းတွင် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုး စီမံကိန်း၊ လက်ရက်ကန်းဒီဇိုင်း တီထွင်ဆန်းသစ်မှု နည်းပညာ သင်တန်းဆင်းပွဲနှင့် လုပ်ငန်းသုံး ပစ္စည်းကိရိယာများ ပေးအပ်ပွဲ အခမ်းအနားကို ကျင်းပရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ဝုန်ဆွန်းထန်က အမှာစကားပြောကြားပြီး(ဝဲပုံ) ပြည်နယ်လွှတ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေလင်းအောင်က ချင်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနအကြောင်းကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လက်ရက်ကန်းဒီဇိုင်းတီထွင်ဆန်းသစ်မှု နည်းပညာသင်တန်းမှ ထူးချွန် သင်တန်းသားသင်တန်းသူ ငါးဦးကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးချုပ်၏ဇနီးတို့က လုပ်ငန်းသုံး ပစ္စည်းကိရိယာများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်နယ်အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန ဦးစီးမှူးက ရက်ကန်းသင်တန်း ဖွင့်လှစ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး သင်တန်းသားသင်တန်းသူများကိုယ်စား တစ်ဦးကို သင်တန်းဆင်းလက်မှတ် ပေးအပ်ကာ ပြည်နယ်ဝန်ကြီးချုပ်က ခင်းကျင်းပြသထားသည့် သင်တန်းသား သင်တန်းသူများ ရက်လုပ်ထားသည့် အထည်များနှင့် လုပ်ငန်းသုံးကိရိယာများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၂၂**

(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ဝင်များ၏ စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းက မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုး ရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀) ၌ ကျင်းပသည်။

အဆိုပါ စုပေါင်းသွေးလှူဒါန်းပွဲသို့ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ကိုကိုလွင်နှင့်ဇနီး၊ ဒုတိယတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးနှင့်ဇနီး၊ ခရိုင်ရဲတပ်ဖွဲ့မှူးများနှင့် ဇနီးများ တက်ရောက်ခဲ့ကြပြီး သွေးလှူဒါန်းသည့် တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင် စုစုပေါင်း ၁၁၇ ဦးအတွက် သွေးလှူရိုက္ခာနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**



## မြစ်သားမြို့နယ်ရှိ မြစ်သား-စံပွာယ်တောလမ်း ကတ္တရာခင်း



**ကျောက်ဆည် စက်တင်ဘာ ၂၂**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် မန္တလေးတိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေတို့ဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့် ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်အတွင်းရှိ မြစ်သား-စံပွာယ်တောလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ယမန်နေ့က ခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)နှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာများသည် သွားရောက်ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ အဆိုပါလမ်းသည် ကျေးရွာပေါင်း ရှစ်ရွာ၊ အိမ်ခြေ ၃၇၉၈ အိမ်၊ လူဦးရေ ၁၈၆၃၀ ကျော် အသုံးပြုသွားလာလျက်ရှိပြီး လုပ်ငန်းများပြီးစီးပါက သွားလာရေးပိုမိုအဆင်ပြေလာမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ကျေးရွာသစ်လှူပ်ရှားမှုစီမံကိန်း ဝင်ငွေတိုးပွားရေးသင်တန်းဖွင့်လှစ်

**စလင်း စက်တင်ဘာ ၂၂**

စိုက်ပျိုးရေးဦးစီးဌာနမှ ကျေးလက်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် လက်ပံကန် "ကျေးရွာသစ်လှူပ်ရှားမှုစီမံကိန်း" စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းစဉ်အရ အသေးစားအိမ်တွင်းမှုလုပ်ငန်း ဘက်စုံသုံးဆပ်ပြာဆီပြုလုပ်နည်းသင်တန်းနှင့် ဓာတုကင်းလွတ်စိုက်ပျိုးရေးသုံးပစ္စည်းများ သုံးစွဲနည်းသင်တန်းကို စက်တင်ဘာ ၂၀ ရက်က စိုက်ပျိုးရေးဦးစီးဌာနရုံး မြို့မ KC ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်လင်း၊ မြို့နယ်အဆင့် ကျေးရွာသစ်လှူပ်ရှားမှုစီမံကိန်းကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးမင်းသီဟဇော်နှင့် တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများအား သင်ထောက်ကူပစ္စည်းများကို ပေးအပ်သည်။ ထို့နောက် သင်တန်းကိုဆက်လက်ကျင်းပရာ ဘက်စုံသုံးဆပ်ပြာဆီပြုလုပ်နည်းစနစ်များ၊ သဘာဝပိုးသတ်ဆေးနှင့် မြေဩဇာပြုလုပ်နည်း တို့ကို စာတွေ့လက်တွေ့ သင်ကြားပြသခဲ့သည်။ **မောင်လွင်(စလင်း)**



## မဟာအောင်မြေမြို့နယ်၌ သမဝါယမအသင်း အမှုဆောင်သစ်ရွေးချယ်

**မန္တလေး စက်တင်ဘာ ၂၂**

မဟာအောင်မြေမြို့နယ်၌ သမဝါသမအသင်းစုလီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်ဒါရိုက်တာအသစ် ရွေးချယ်တင်မြှောက်ပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်အသင်းစုရုံး၌ ကျင်းပသည်။

ဦးစွာ သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဇော်မျိုးဦး၊ တိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌ ဦးထွန်းလှိုင်၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိတို့က လုပ်ငန်းဆိုင်ရာများဆွေးနွေးတင်ပြခြင်း၊ ဘဏ္ဍာရေးရှင်းတမ်းနှင့် အမြတ်ခွဲဝေမှုစာရင်းများ ဖတ်ကြားခြင်း၊ မြို့နယ်သမဝါယမအသင်းစု ဒါရိုက်အဖွဲ့၏ လုပ်ငန်းအစီရင်ခံစာများနှင့် စည်းကမ်းချက်များ ရှင်းလင်းပြောကြားသည်။ ထို့နောက် အမှုဆောင်အဖွဲ့ရွေးချယ်ပွဲ ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## (၂၂-၉-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၅.၂ ~ ၃၆၆၇ | ၅၅၇.၉ ~ ၅၅၈.၁ | ၁၂၅.၃ ~ ၁၂၅.၄ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၈,၅၃၂,၁၉၂.၉၉ | ၄,၈၈၂,၆၆၂.၆၉ | ၁၀၀,၃၀၀,၃၇၅.၇၂ | - |

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၂၂**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည် ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၆ ခုနှစ် စက်တင်ဘာ ၂၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Mgmg Win" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ပုဏ္ဏားစုရပ်ကွက်နေ တင်ဌေးအား နံနက် ၉ နာရီခွဲတွင် ပဲခူးမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဇေယျာသီရိမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၂**

စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ယနေ့နံနက်ပိုင်းက နေပြည်တော် ဇေယျာသီရိမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်မှူးကြီး



ရဲမိုး၊ ဦးမင်းဦး၊ ဦးထွန်းထွန်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများကို ကြည့်ရှုအားပေးပြီး ပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ထူးချွန်ဆုများနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် လှပသာယာပြည်မြန်မာ ရောင်စုံဓာတ်ပုံများ၊ အသိပညာပေး နံရံကပ်စာစောင်များနှင့် သုတ/ရသ စာအုပ်၊ စာစောင်များကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများက ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေများနှင့် ဂုဏ်ပြုလွှာများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**သျှင်ဦးမောင်(ဒက္ခိဏ)**



ပန်းတောင်းမြို့နယ်၌ စားသုံးဆီ လက်လီ/လက်ကား ဖြန့်ဖြူးရောင်းချသည့် အရောင်းဆိုင်များအား စက်တင်ဘာ ၂၁ ရက်က မြို့နယ်စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။

လပြည့်လင်း(ပြန်/ဆက်)

# ကျိုက်လတ်မြို့နယ်၌ ရိတ်သိမ်းခြွေလှေ့စက် မောင်းနှင်ထိန်းသိမ်းမှုသင်တန်းဖွင့်

**ကျိုက်လတ် စက်တင်ဘာ ၂၂**

ကျိုက်လတ်မြို့နယ်၌ ရိတ်သိမ်းခြွေလှေ့စက် မောင်းနှင်ထိန်းသိမ်းမှု(အခြေခံ)သင်တန်းကို ယနေ့နံနက်က အမှတ်(၇၅) စက်မှုလယ်ယာစခန်း၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်နှင့် ခရိုင်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးဇော်ထွန်းက ရိတ်သိမ်းခြွေလှေ့စက်များကို လုပ်ငန်းခွင်တွင် စနစ်တကျ နည်းမှန်လမ်းမှန် အန္တရာယ်ကင်းစွာ သုံးစွဲတတ်စေရန်၊ ကျွမ်းကျင်စွာ မောင်းနှင်



ထိန်းသိမ်းတတ်စေရန်၊ စပါး အလေအလွင့် နည်းပါးစေရေးအတွက် စနစ်တကျ ချိန်ညှိတတ်စေရန် ရည်ရွယ်၍ ယခုသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းကို သင်တန်းသား ၃၀ တက်ရောက်ပြီး သင်တန်းကာလမှာ စက်တင်ဘာ ၂၁ ရက်မှ အောက်တိုဘာ ၂ ရက်အထိ ၁၂ ရက်ကြာ စာတွေ့ လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**လှိုင်မင်းအောင်(ပြန်/ဆက်)**



# ပုဇွန်တောင်မြို့နယ် သမအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် အမှုဆောင်သစ် ရွေးချယ်

**ရန်ကုန် စက်တင်ဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၄-၂၀၂၅၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်ပွဲကို ပုဇွန်တောင်မြို့နယ်သမဝါယမအသင်းစုခန်းမ၌ ကျင်းပရာ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးရွှေမိုးဃံက အသင်း၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားကာ ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်၊ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးအဆင့် ဖွဲ့စည်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယညွှန်ကြားရေးမှူးက အမှုဆောင်အဖွဲ့သစ်များ ရွေးချယ်တင်မြှောက်ပေးပြီး အသင်းဝင် အခြေခံသမဝါယမအသင်းများအား အစုအပေါ်အမြတ်နှင့် လက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**စုယဉ်ချစ်(ပြန်/ဆက်)**

# ရွှေပြည်သာမြို့နယ်၌ ရပ် / ကျေး အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေး သင်တန်းဖွင့်

**ရန်ကုန် စက်တင်ဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်၌ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေး သင်တန်းဖွင့်ပွဲကို ယမန်နေ့နံနက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဘုန်းမြတ်သူနှင့် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ သင်တန်းနည်းပြဌာနဆိုင်ရာများ၊ သင်တန်းသား ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြကြောင်း သိရသည်။

**နေမျိုးထွန်း(ပြန်/ဆက်)**



# ဝိုင်းမော်မြို့၌ ရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်းဆင်းပွဲကျင်းပ

**ဝိုင်းမော် စက်တင်ဘာ ၂၂**

ကချင်ပြည်နယ် ဝိုင်းမော်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ရှေးဦးပြုစုခြင်း



(အခြေခံ)သင်တန်း ၁/၂၀၂၆ ဆင်းပွဲကို ယမန်နေ့က ကျင်းပရာ သင်တန်းသား သင်တန်းသူများက ထူးချွန်ကြက်ခြေနီ သီချင်းဖြင့် သီဆိုဖွင့်လှစ်ခဲ့ကြသည်။

ထို့နောက် သင်တန်းတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် သင်တန်းသား သင်တန်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြပြီး သင်တန်းဆင်းလက်မှတ်များကို သင်တန်းနည်းပြ မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှူး ဒေါ်မိုးသူဇာက သင်တန်းသား သင်တန်းသူများအား ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းကို စက်တင်ဘာ ၁၈ ရက်မှ ၂၀ ရက်အထိ စာတွေ့ လက်တွေ့ သင်ကြားပို့ချခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၁ ရက်က မတ္တရာမြို့ အောင်မြေသုခ ဘုန်းတော်ကြီးကျောင်း၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်လွင်၊ စခန်းမှူး ဒုရဲမှူးကျော်ဦး ဦးစီး၍ အင်အား ၃၀ တို့က စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ ရွှေရာသား

တောင်ငူမြို့ အမှတ် (၁၄) ရပ်ကွက်ရှိ မြစည်းခုံစေတီတော်မြတ်ကြီး ရင်ပြင်တော်နှင့် စာသင်တိုက်တို့၌ စက်တင်ဘာ ၂၁ ရက်က တောင်ငူမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဇော်ဝင်းလှိုင်ဦးစီး၍ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

ခရိုင်(ပြန်/ဆက်)





မိုးကောင်းမြို့နယ် ပင်းဘောကျေးရွာ၌ (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၉ ရက်က ပင်းဘောနယ်မြေစခန်းမှူး ရဲအုပ်မျိုးမင်းအောင် ဦးဆောင်မှုဖြင့် ရဲတပ်ဖွဲ့ဝင် ၂၀ နှင့် မိသားစုဝင် ကိုးဦးတို့ ပင်းဘောတိုက်နယ်ဆေးရုံအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

သန်းလွင်ဦး(ပြန်/ဆက်)

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ကျိုက်မရောမြို့နယ်၌ ပထမအကြိမ်ပဋ္ဌာန်း၊ ဓမ္မစကြာနှင့် အခြေခံဝတ်ရွတ်ပြိုင်ပွဲကျင်းပ

**ကျိုက်မရော စက်တင်ဘာ ၂၂**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (YMBA)နှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ပထမအကြိမ် ပဋ္ဌာန်း၊ ဓမ္မစကြာနှင့် အခြေခံဝတ်ရွတ်ပြိုင်ပွဲကို ယမန်နေ့က ဇေတဝန်ကျောင်းတိုက်နှင့် အထက(ကျိုက်မရော) ကျောင်းခန်းမ၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲသို့ ကျိုက်မရောမြို့နယ်အတွင်းရှိ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းလွန်ကျောင်းများမှ ကျောင်းသား ကျောင်းသူများက ဝင်ရောက်ယှဉ်ပြိုင်ကြရာ ပဋ္ဌာန်းရွတ်ပြိုင်ပွဲဝင် ၁၀ ဖွဲ့၊ ဓမ္မစကြာပြိုင်ပွဲဝင် ၁၈ ဖွဲ့၊ အခြေခံဝတ်ရွတ်ပြိုင်ပွဲဝင် ၁၃ ဖွဲ့ စုစုပေါင်းအသင်းအဖွဲ့



၄၁ ဖွဲ့မှ ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၀၃၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။ **ချိုမြတ်မြတ်ထွေး(ပြန်/ဆက်)**

## ကျန်းမာရေးအသိနှင့် သန့်ရှင်းလတ်ဆတ်သောအစားအစာများရောင်းချရေး အသိပညာပေးသင်တန်းဖွင့်

**ပုသိမ် စက်တင်ဘာ ၂၂**

ကျန်းမာရေးအသိနှင့် သန့်ရှင်းလတ်ဆတ်သော အစားအစာများ ရောင်းချရေး အသိပညာပေး သင်တန်းကို ယမန်နေ့က ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမောင်မောင်ဦးက သန့်ရှင်းလတ်ဆတ်သော အစားအစာများ ရောင်းချရေးနှင့် ကျန်းမာရေးဆိုင်ရာများကို ပြောကြားသည်။ ဆက်လက်၍ သင်တန်းပို့ချရာ တိုင်းဒေသကြီး



အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဌာန၊ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၊ တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနနှင့် စည်ပင်သာယာရေးအဖွဲ့တို့မှ တာဝန်ရှိသူများက စားသောက်ဆိုင်များ၊ လမ်းဘေးဈေးဆိုင်များ အစားအသောက်များ ပြင်ဆင်ရာတွင် လိုက်နာရမည့်အချက်များ၊ အန္တရာယ်ကင်းသော အစားအစာရရှိရေးအတွက် အဓိကဆောင်ရွက်ရမည့်အချက်(၅)ချက်၊ လမ်းဘေး အစားအစာ အန္တရာယ်ကင်းရှင်းရေးနှင့် အစာအဆိပ်သင့်ခြင်း ကာကွယ်ရေးနှင့် သန့် (၅)သန့်ဆိုင်ရာများကို ရှင်းလင်းဟောပြောရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြပြီး တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ဘီးလင်းမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းပြုလုပ်

**ဘီးလင်း စက်တင်ဘာ ၂၂**

ဘီးလင်းမြို့နယ်တွင် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် လူငယ်စကားဝိုင်းကို ယမန်နေ့ နံနက်ပိုင်းက အထက(ခွဲ) လိပ်ခုံးကြီးကျောင်း၌ ကျင်းပရာ အထက(ခွဲ) လိပ်ခုံးကြီးကျောင်းမှ ကျောင်းအုပ်ဆရာမကြီး



ဒေါ်အေးအေးမိနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိတို့က ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတ တိုးပွားလာစေရန်၊ အပြန်အလှန်ဆွေးနွေးတတ်စေရန်၊ ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ရရှိစေရန်နှင့် ဗလငါးတန်နှင့် ပြည့်စုံသည့် လူငယ်များ ဖြစ်လာစေရန် ရည်ရွယ်၍ လူငယ်စကားဝိုင်းများကို ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ စကားဝိုင်းကို ကျင်းပရာ စာပေနှင့် ပင်ကိုအရည်အသွေး၊ ဖွံ့ဖြိုးဖော်သောအောင်မြင်မှု၊ လူငယ်နှင့်အကောင်းမြင်ခြင်း၊ လူငယ်နှင့်စိတ်ဖိစီးမှု၊ လူငယ်နှင့်အချိန်ကို အကျိုးရှိစွာစီမံခန့်ခွဲခြင်း၊ လူငယ်နှင့်နည်းပညာ အကျိုးရှိရှိအသုံးပြုခြင်း စသည့်ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးကြပြီး တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## ဝေါမြို့နယ်၌ ရပ် / ကျေး အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးသင်တန်းဖွင့်

**ဝေါ စက်တင်ဘာ ၂၂**

ဝေါမြို့နယ်တွင် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေး သင်တန်း (၃/၂၀၂၆) ဖွင့်ပွဲကို ယမန်နေ့က မြို့နယ်ခန်းမ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးမိုးက အုပ်ချုပ်ရေးမှူး



များအနေဖြင့် ဥပဒေပညာရပ်များကို သိရှိပြီး ပြည်သူများအား နည်းစနစ် မှန်ကန်စွာဖြင့် အုပ်ချုပ်ပေးရမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဥပဒေနှင့် ပတ်သက်သော သိထားသင့်သည့် အကြောင်းအရာများကို သင်ကြားပို့ချပေးပြီး သင်တန်းကာလမှာ စက်တင်ဘာ ၂၁ ရက်မှ အောက်တိုဘာ ၁၆ ရက်အထိ ဖြစ်ကြောင်း သိရသည်။

**အာကာ(ပြန်/ဆက်)**



(၆၂)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၁၆) လုံခြုံရေးရဲတပ်ဖွဲ့ခွဲ(စစ်ကိုင်း)ဌာနချုပ်တပ်ခွဲမှူး ယာယီရဲမှူး ကျော်ဇေယျနှင့် တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များ စုပေါင်း၍ စက်တင်ဘာ ၂၁ ရက်က အမှတ်(၁၆) လုံခြုံရေးရဲတပ်ဖွဲ့ခွဲရှိ အခြေခံပညာမူလတန်းလွန်ကျောင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ နေလင်းအောင်(ပြန်/ဆက်)

(၆၂)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး စိုးမိုးဦးနှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များက စက်တင်ဘာ ၂၂ ရက်တွင် မော်လမြိုင်ကျွန်းမြို့နယ် ဘုရားကြီးတိုက်ကျောင်းရှေ့ လမ်းဘေးဝဲ/ယာ၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။
ရဲကိုမောင်(ပြန်/ဆက်)



## ပြည်သူ့ကြားက ပြည်သူ့စကားအစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် စက်တင်ဘာ ၂၂**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ “ **ပြည်သူ့ကြားက ပြည်သူ့စကား**”အစီအစဉ်မှ **“အများပြည်သူ သွားလာရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်ရေးအတွက် များစွာအထောက်အကူပြုတဲ့ ပို့ဆောင်ရေးလမ်းကြောင်းများကို ပစ်မှတ်ထားဖောက်ခွဲဖျက်ဆီးနေတဲ့ အကြမ်းဖက် PDF သမားများ ”** ခေါင်းစဉ်ဖြင့် စက်တင်ဘာ ၂၃ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် စက်တင်ဘာ ၃၀ ရက် မွန်းလွဲ ၁ နာရီတွင် **“အောက်တန်းကျ ရက်စက်ယုတ်မာတဲ့ နည်းလမ်းမျိုးစုံနဲ့ နိုင်ငံဖျက်ဆီး ပြည်သူကို သတ်ဖြတ်နေတဲ့အကြမ်းဖက် PDF များ”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်သည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေး တင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **သတင်းစဉ်**



(၆၂)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၅)ရပ်ကွက်ရှိ စွယ်တော်မြတ်စေတီတော်(ရန်ကုန်)၏ ဘုရားရင်ပြင်တော်၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဝင်းနိုင်ထွန်းနှင့် ပူးပေါင်းအဖွဲ့က စက်တင်ဘာ ၂၀ ရက်တွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ ရဲရင့်သိန်းထွန်း



## ပန်းတောင်းမြို့နယ်၌ အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဖွင့်

**ပန်းတောင်း စက်တင်ဘာ ၂၂**

ပန်းတောင်းမြို့နယ်၌ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း အမှတ်စဉ် (၃/၂၀၂၆) ဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုး၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးချစ်ကိုကို၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ စုစုပေါင်း ၁၀၉ ဦး တက်ရောက်ကြပြီး အဆိုပါသင်တန်းကို စက်တင်ဘာ ၂၁ ရက်မှ အောက်တိုဘာ ၁၆ ရက်အထိ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။ လပြည့်လင်း(ပြန်/ဆက်)

**လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့်**
**မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။**

## မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင် ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air - FTA)ဖြင့် အခမဲ့ ထုတ်လွှင့်လျက်ရှိရာ (MRTV-HD Channel)နှင့် (MRTV Entertainment Channel)တို့မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ယခုအခါ (၂၅-၉-၂၀၂၆)ရက်၊ သောကြာနေ့ညတွင် အများပြည်သူ အပန်းပြေ/စိတ်ချမ်းမြေ့စေရန်အတွက် မြန်မာဟန်တေးသီချင်းများကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ပြင်ပ/ဌာနအဆိုရှင်များ စုပေါင်း၍ "တင့်တင့်တယ်တယ်" တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည်ဖြစ်၍ အောက်ပါ တေးသီချင်းများအား အခမဲ့ အသုံးပြုမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်-

(၂၅-၉-၂၀၂၆)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ
"တင့်တင့်တယ်တယ်" တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့်
တေးသီချင်း(၁၀)ပုဒ်

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | လေ့ကလေး | ပြင်ပအဆိုရှင် |
| ၂။ | မောင်နဲ့ဖူးစာဆုံချင်သလား | ပြင်ပအဆိုရှင် |
| ၃။ | မြကေခိုင် | ပြင်ပအဆိုရှင် |
| ၄။ | မြနန္တာ | တယုယုံခွဲပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၅။ | စန္ဒကီနွယ် | ဌာနအဆိုရှင် |
| ၆။ | တင့်တင့်တယ်တယ် | ဌာနအဆိုရှင် |
| ၇။ | ရွှေလည်တိုင် | ပြင်ပအဆိုရှင် |
| ၈။ | ချစ်ရောင်ခြည် | ပြင်ပအဆိုရှင် |
| ၉။ | အနားမှာနေပါကွယ် | ပြင်ပအဆိုရှင် |
| ၁၀။ | ချစ်စရာကလေး | ပြင်ပအဆိုရှင် |

## အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စလင်းမြို့နယ်၊ ဆင်ဖြူကျွန်းမြို့၊ သုံးပင်မြောက်ရပ်ကွက်နေ (အဘ) ဦးရာဇာ ၉/အမရ(နိုင်)၁၃၀၄၆၈ ၏ သားဖြစ်သူ ပြည့်ဖြိုးလျှံထွန်း ၏ အမည်မှန်မှာ ရဲရင့်ထူးအောင် ဖြစ်ပါကြောင်း။

ရဲရင့်ထူးအောင်

## ပတ်စ်ပို့ပျောက်

မဟုန်ချွေရင် ၁၃/သပန(နိုင်) ၁၃၄၅၅၈ ၏ နိုင်ငံကူးလက်မှတ် နံပါတ် မမှတ်မိ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-09251210928

## အမည်ပြောင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ ဇေယျာခင်ဦး အခြေခံပညာမူလတန်းလွန်ကျောင်း Grade-2 မှ မောင်ဟိဏ်းထက်ပိုင် အား ယနေ့မှစ၍ မောင်ဟိဏ်းထက်ဇင် ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ကလောမြို့နယ် ၊ အောင်ပန်းမြို့ ၊ မင်္ဂလာရပ်ကွက်၊ ကွင်းအမှတ်- ၄၆ ၊ အကွက်အမည် - မင်္ဂလာရပ်၊ ဦးပိုင်အမှတ် - ၂၁/၁ ၊ မြေကွက်အမှတ် - 46/114၊ မြေအမျိုးအစား- မြို့မြေ ၊ ဧရိယာ (၀ဒသမ၅၀၃)ဧက အကျယ်ရှိ မြေကွက်နှင့် ၎င်းကပ်လျက် ဦးပိုင်အမှတ်- ၂၁/၃-ခ ၊ မြေကွက်အမှတ်-46/165 မြေအမျိုးအစား- မြို့မြေ ၊ ဧရိယာ (၀ဒသမ၀၈၆)ဧက အကျယ်ရှိ မြေကွက် (၂)ကွက်တို့၏ မြေပေါ် မြေအောက်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထား ပိုင်ဆိုင်ရောင်းချခွင့်၊ စီမံခန့်ခွဲပိုင်ခွင့် အပြည့်အဝရရှိသူဟု ကတိပြုသူ ဦးထွန်းလှဦး(၇/တငန(နိုင်)၀၅၃၈၉၅) ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးသက်နိုင်ထွန်း (၉/တတဥ(နိုင်)၁၀၂၆၄၀) က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း/စာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ယနေ့မှစ၍ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသက်နိုင်ထွန်း၏လွှဲအပ်ချက်အရ-**
**ဒေါ်ရည်ဝေနိုင် (LL.B) တရားလွှတ်တော်ရှေ့နေ ( စဉ်- ၁၅၆၄၄)**
**ညောင်ပင်ထောင်ရပ်ကွက် ၊ အောင်ပန်းမြို့၊ ဖုန်း- ၀၉-၇၇၀၂၇၄၆၂၈**

## ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်း(အထက်) ရပ်ကွက်၊ သင်္ဂဟလမ်း၊ အမှတ်(၁၀)ဟုခေါ် တွင်သော (၂)ခန်းတွဲ (၇)ထပ်တိုက်၏ ပထမထပ်(တိုက်ရှေ့မျက်နှာမူလျှင်-ဝဲဘက်)၊ အကျယ်အဝန်း(၁၆ပေx ၆၂ပေ)ရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

အထက်လိပ်စာပါတိုက်ခန်းကို မြေပိုင်ရှင်အနေဖြင့် အကျိုးခံစားခွင့်ရရှိခဲ့ပြီး မြေဂရန်အမည်ပေါက် မိခင် ဒေါ်အုံးမြင့် (၁၂/တမန(နိုင်) ၀၁၃၆၅၉)နှင့် ဖခင် ဦးခင်ဆင့်တို့ အသီးသီးကွယ်လွန်ပြီးနောက် အမွေစားအမွေခံသားသမီးများဖြစ်ကြပြီး လက်ရှိလက်ရောက် ပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုကမ်းလှမ်းလာသူများဖြစ်ကြသော ဦးသန်းဇော်ဦး (၁၂/တမန(နိုင်) ၀၇၈၃၂၄)၊ ဒေါ်ခင်ဆွေဦး (၁၂/တမန(နိုင်) ၀၁၃၄၅၈)နှင့် (ဒေါ်ခင်ဆွေလတ်)၏သမီး ဒေါ်ဆုပြည့်လွင် (၁၂/တမန(နိုင်) ၁၀၉၁၈၉)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် သဘောတူသည့်အလျောက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်အား အပြီးသတ်စာချုပ်ချုပ်ဆိုကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးဝင်းဇော်ဦး (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ် - ၁၂၄၆၉)**
**အမှတ်(၅/၁၁)၊ မြေညီထပ်(ဘီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း- ၀၉-၅၁၈၃၅၆၉၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၄၂၀၀၈၆၆၆၈၊ ၀၉-၉၅၅ ၃၅၅၃၅၄**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ အကွက်အမှတ် (၈၉)၊ ဦးပိုင်အမှတ်(၁၉-ဃ)၊ ၁၅ x ၁၇ လမ်းကြား၊ ၈၈ x ၈၉ လမ်းကြားရှိ ဒေါ်တင်တင်ဝင်း အမည်ပေါက် ဘိုးဘမြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၃၃၆/၂၀၂၆)ဖြင့် အမွေဆက်ခံခဲ့သောခင်ပွန်းဖြစ်သူ ဦးဝင်းမြင့် ၉/မနမ(နိုင်)၀၇၁၄၀၂ က အမှုတွဲအမှတ် (၀၁၅၃/ဘ(ပြောင်း)/၂၀၂၆-၂၀၂၇) ဖြင့် ဘိုးဘ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## မိဘအမည်မှန်

ပုတာအိုမြို့နယ်၊ အထက(ခွဲ) နမ်ရှယ်ကော့ကျောင်း Grade-12 မှ မယောထွေနှင့် Grade-9 မှ မဒါလီညီ တို့၏ မိဘအမည်မှန်မှာ ဦးငွါးယောဟန် ၁/ပတအ(နိုင်)၀၅၄၈၈၁ နှင့် ဒေါ်ဂျေမာညီ ၁/ပတအ(နိုင်)၀၅၁၇၁၉ ဖြစ်ပါသည်။

**ဦးငွါးယောဟန် နှင့် ဒေါ်ဂျေမာညီ**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4B/9802 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## အမည်မှန်

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့နယ်၊ ပြလို့မြို့၊ အထက ပြလို့ (Grade -7 ) တွင် ပညာသင်ကြားနေသော မအိမ့်ပိုးသခင် ၏ အမည်မှန်မှာ မသုန်နဒီဦး ဖြစ်ပါကြောင်း။

**မသုန်နဒီဦး**

## ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သရက်တောတောင်ရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ်-၄၀၆၊ ၇ လွှာ(ခြေရင်းခန်း) တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ တိုက်ခန်းအပါအဝင် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဦးကျော်တင်(၁၂/ကမတ(နိုင်)၀၅၄၆၀၆)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်သင်းသင်းစိုး(၁၄/ဟသတ(နိုင်)၃၄၃၇၈၉)မှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ရာ အဆိုပါတိုက်ခန်းနှင့် ပတ်သက်၍ ဤကြေညာပါသည့်ရက်မှ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ရတနာဋ္ဌေး** | **ဒေါ်မျိုးမြတ်သူ** |
| **LL.B,D.B.L,C.B.L,WIPO(SWITZERLAND)** | **LL.B,D.I.L,D.B.L** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၃၂၉)** | **အထက်တန်းရှေ့နေ(စဉ်-၅၇၁၁၃)** |

**အမှတ်-၃၄(မြေညီ)၊ နိဗ္ဗာန်လမ်း၊ သာခုအရှေ့ရပ်ကွက်၊**
**ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉ ၄၂၀၀၃၃၇၉, ၀၉-၄၂၀၀၉၅၂၂၀, ၀၉ ၇၆၆ ၂၂၀၃၃၇, ၀၉ ၇၆၆၁၂၄၇၄၉**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာအောင်မြေအရှေ့ရပ်ကွက်၊ အကွက်အမှတ် (၅၁၉)၊ ဦးပိုင်အမှတ်(၆)၊ ၈၁ လမ်း၊ ၄၀ x ၄၁ လမ်းကြားရှိ ဦးစိန် (ခ) ရန်ကျင်းချန် အမည်ပေါက် ဘိုးဘမြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၃၅၅/ ၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်မကိုင် ၉/ပကခ(နိုင်)၀၀၆၇၇၀ က အမှုတွဲအမှတ်(၀၁၅၄/၂၀၂၆-၂၀၂၇)ဖြင့် ဘိုးဘ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 28W/39138, Dayang -125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်းအောင် ၉/မဟမ(နိုင်) ၀၀၆၈၁၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AYY/46708 Honda Click 150 ယာဉ်လက်ဝယ်ရှိသူ ဦးငြိမ်းချမ်းအောင် ၁၄/ဇလန (နိုင်)၂၀၂၆၁၇ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဟင်္သာတ)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-(၄၃)၊ ကန်သာယာလမ်း၊ မြေကွက်အမှတ်-(၃၁၅/ခ)၊ အကျယ်အဝန်း (၂၀' x ၆၀')ပေ၊ (၀.၀၂၇၅)ဧက၊ (၁၂၀၀)စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန် အမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ် နေအိမ်အပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား နှစ် (၆၀) မြေငှားဂရန်အမည်ပေါက် ဒေါ်ခင်မြ (ISN-၁၁၉၁၄၆) ထံမှ ဝယ်ယူပိုင်ဆိုင်ထားသူ ဦးသန်းဇော်ဦး (၉/ညဥန(နိုင်)၁၃၂၄၉၂) မှ ၎င်းလက်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်းဝန်ခံအဆိုပြု၍ နှစ်(၆၀)မြေငှားဂရန် မူရင်းဖြင့် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်မဒေါ်ခင်မာဝင်းမှ အပြီးအပိုင်ဝယ်ယူရန် အတွက် စရန်ငွေပေးအပ်၍ စရန်ပေးစာချုပ် ချုပ်ဆိုထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက်စာတမ်းမူရင်းအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်မထံသို့ လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ပိုင်ဆိုင်ခွင့်ရရှိအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ- ဒေါ်ခင်မာဝင်း (၁၂/ဥကတ(နိုင်)၀၈၃၂၇၂)**
**ဖုန်း- ၀၉- ၂၅၀၃၇၀၅၁၂**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃)၊ မဟာဗန္ဓုလလမ်းနှင့်တာဝတိံသာလမ်းထောင့်၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးမှုဦးစီးဌာန၊ စုပေါင်းပိုင်အဆောက်အအုံရှိ M Suite Residence (Basement + ၆ ထပ်ခွဲ) အဆောက်အအုံ၏ တိုက်အမှတ်(E)၊ အခန်းအမှတ်(၅၀၂)၊ ပဉ္စမထပ်၊ အကျယ်အဝန်း(၁၁၁၀)စတုရန်းပေရှိ တိုက်ခန်းတစ်ခန်း၊ ကားပါကင်တစ်စီးစာ (P7) အပါအဝင် စုပေါင်းပိုင် အဆောက်အအုံ၏ ပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာအုပ်အပါအဝင် ယင်းတိုက်ခန်းနှင့် ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိထား ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မျိုးသန္တာခိုင် (၁၂/ဥကတ(နိုင်)၁၄၈၀၆၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့် ရက်မှစ၍ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ် ကိစ္စရပ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဆုမြတ်ဇင်မွန်သိမ့်(LL.B)တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၅၀၅)**
**အမှတ်(၅၀)၊ ဓမ္မပါလလမ်း၊ ဆရာစံမြောက်/အနောက်ရပ်ကွက်၊**
**ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉ ၇၉၀၂၅၆၉၀၆၊ ၀၉-၄၅၁၁၆၇၆၈၈**

## "EichiSan" ကုန်အမှတ်တံဆိပ် အများသိစေရန်အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ အိမ်အမှတ်(၂၆၂)၊ ၃၃လမ်း၊ ၈၃ x ၈၄ လမ်းကြား နေထိုင်သူ ဒေါ်အိချိုကို (၁၂/မရက(နိုင်) ၁၆၇၆၉၂) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

EichiSan
Gems & Jewelry

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အိချိုကိုသည် အထက်ဖော်ပြပါ "Eichisan" Gems & Jewelry ကုန်အမှတ်တံဆိပ်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနတွင် လျှောက်ထားခဲ့ပြီးဖြစ်ရာ မူပိုင်ခွင့်ဦးစီးဌာနမှ Application Number- T/ 2026/005306 ဖြင့် လျှောက်ထားချက်အား လက်ခံထားပြီးဖြစ်ပါသည်။ ယင်းအမှတ်တံဆိပ်အား အများပြည်သူများ စိတ်ဝင်စားသည့် ပုံစံအမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးတို့ဖြင့် စာရွက်စာတမ်းများ၊ ဆိုင်းဘုတ်များ၊ တံဆိပ်တုံးများ၊ ဒီဇိုင်းများ၊ ငွေရပြေစာဖြတ်ပိုင်းများ၊ အိတ်အမျိုးမျိုး၊ ဘူးအမျိုးမျိုးနှင့် စာရွက်စက္ကူများအပေါ်တွင် ရိုက်နှိပ်ဖော်ပြ၍သော်လည်းကောင်း၊ ရုပ်မြင်သံကြားကြော်ငြာများ၊ ဗီနိုင်းများ၊ အင်တာနက်ဝက်ဆိုဒ်၊ Facebook၊ Youtube ၊ Tiktok ၊ Telegram အစရှိသော ခေတ်နှင့်အညီပေါ်ပေါက်လာသည့် နည်းပညာတို့တွင် ထည့်သွင်းကြေညာ၍သော်လည်းကောင်း စသည်ဖြင့် ကျောက်မျက်နှင့် လက်ဝတ်ရတနာများတို့ကို ရောင်းချလျက်ရှိပါသည်။

သို့ဖြစ်ရာ ကျွန်ုပ်မိတ်ဆွေဖြစ်သူ၏ "EichiSan" Gems & Jewelry ကုန်အမှတ်တံဆိပ်၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား တုပသုံးစွဲ၍ မပြုလုပ်ကြပါရန်နှင့် မည်သူမဆို ကျွန်ုပ်မိတ်ဆွေဖြစ်သူ၏ အကျိုးစီးပွား ထိခိုက်နစ်နာစေရန် ရည်ရွယ်ဆောင်ရွက်လာခဲ့ပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်အိချိုကို၏ လွှဲအပ်ချက်အရ -**
**ဦးအောင်ကိုကို (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၄၅၉၀)**
**၁၀၇ (အေ)လမ်း၊ ၆၆ x ၆၇ လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊**
**မန္တလေးမြို့**
**ဖုန်း ၀၉- ၉၆၁၅၃၉၃၉၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ကလောခရိုင်၊ ကလောမြို့နယ်၊ လွယ်အံကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၄၆/ ကျောက်တန်းရွာမကွင်း)၊ ဦးပိုင်အမှတ် (၁၇၉)၊ မြေကွက်အမှတ် (3/379)၊ ဧရိယာ ၀ ဒသမ ၀၈၂ ဧကရှိ မြေကွက်အား တောင်ကြီးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၏ ၄-၄-၂၀၁၉ ရက်စွဲပါအမှုတွဲအမှတ်(၁၅၃/၂၀၁၉)အရ နှစ်(၃၀)သက်တမ်းရှိ မြေငှားဂရန်အား ဦးသောင်းရွှေ (ခ)ထွန်းစိန် အမည်ဖြင့် ထုတ်ပေးထားရှိပြီးဖြစ်ပါသည်။ ယင်းမြေကွက်အား ဦးသောင်းရွှေ(ခ)ထွန်းစိန်ထံမှ ဒေါ်တင်အေး သည်မြေကွက်အရောင်းအဝယ်စာချုပ်ဖြင့်ဝယ်ယူခဲ့ပြီး ကလောမြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၏ ၃-၁၁-၂၀၂၃ ရက်စွဲပါ စာချုပ်အမှတ် (၂၃၀/၂၀၂၃)အရ မှတ်ပုံတင်ထားရှိပြီးဖြစ်သဖြင့် ဒေါ်တင်အေး (၁၃/ကလန(နိုင်) ၀၀၆၇၉၅) အမည်ဖြင့် မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် မည်သူမဆို ကန့်ကွက်လိုပါက ယခုကြော်ငြာစာပါသည့်ရက်မှစ၍(၁၅)ရက်ပြည့်မြောက်သည့်ရက်အတွင်း ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကလောခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားလာမှုအား ဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကလောမြို့**

## အထွေထွေကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ တုသိတာလမ်း၊ (ခ)ရပ်ကွက်၊ အမှတ် (၂၈၀)တွင် နေထိုင်သူ ဦးကျော်စိန်ထွန်း (ဘ) ဦးစိန်ဟိုး ၁၂/ကမရ(နိုင်)၀၁၃၇၇၆ မှ ၁၉၉၈ ခုနှစ်တွင် ညီဖြစ်သူ ဦးဝင်းထွန်း (ဘ) ဦးစိန်ဟိုး ၁၂/မရက(နိုင်) ၁၀၈၀၈၈အား မိမိခရီးသွားလာနေသောအချိန်တွင် မိမိ၏လုပ်ငန်းကိစ္စအချို့အား ဆောင်ရွက်နိုင်စေရန်အတွက် ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် အထွေထွေ ကိုယ်စားလှယ်လွှဲစာ လွှဲအပ်ခဲ့ပါသည်။ ယခုအခါတွင် မိမိမှာ အဆိုပါ လုပ်ငန်းများနှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်ရန် အကြောင်းကိစ္စမရှိတော့ဘဲ ရပ်စဲကြပါသဖြင့် ဦးဝင်းထွန်းအား လွှဲအပ်ထားသည့် အထွေထွေကိုယ်စားလှယ်လွှဲစာအား ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းပါကြောင်း ကြေညာအပ်ပါသည်။

**ဦးကျော်စိန်ထွန်း၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဂျူလိုင်မိုး (LL.B, D.B.L, D.I.L,WIPO Switzerland)**
**အထက်တန်းရှေ့နေ (စဉ် -၅၂၀၇၃)**
**ဖုန်း-၀၉-၄၅၆၁၃၃၄၄၆၊ ၀၉-၇၇၅၀၀၈၃၆၅**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် U/5943, Race Horse YRH-5A ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးလတ် ၃/ဘအန(နိုင်)၂၀၆၆၆၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ကယားပြည်နယ်ရုံး**
**(လွိုင်ကော်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2W/52217, Luojia ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဗွန်သန္တာဦး ၂/လကန(နိုင်)၀၆၁၆၃၈က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ကယားပြည်နယ်ရုံး**
**(လွိုင်ကော်)**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ်၊ အောက်ဆိပ်အခြေခံပညာအထက်တန်းကျောင်း Grade-10တွင် ပညာသင်ကြား နေသည့် မချိုဇင်လှဲ့၏ ဖခင် ဦးမောင်မောင်နိုင် အမည်မှန်မှာ ဦးပေါစံ ၈/စလန(နိုင်)၀၄၂၉၁၁ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

အင်္ဂပူမြို့နယ်၊ အောက်ရွာကြီးကျေးရွာအုပ်စု၊ ရှမ်းတောကျေးရွာ နေ အထက အင်္ဂပူ G-11 မှ မအိသက်ပိုင်၏ ဖခင်အမည်မှန်မှာ ဦးကြည်လင် ၁၄/အဂပ(နိုင်)၀၁၃၉၁၄ ဖြစ်ပါကြောင်း။

**ဦးကြည်လင်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ဦးပိုင်အမှတ် (၁၆)၊ အကွက်အမှတ် (၄၉၂-စ)၊ မဟာဇေယျာဘုံရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့ရှိ ကျွန်မ ဒေါ်ဇင်မာမျိုးသည်-

အောက်ဖော်ပြပါ တံဆိပ်အမည်(၃)မျိုး-

(၁) Pure Life

(၂) AYAR RIVER

(၃) Two Polar

အနက်မှ သင့်လျော်သော အမည်တံဆိပ်တစ်ခုဖြင့် သောက်ရေသန့် ထုတ်လုပ်ရောင်းချရန် စီစဉ်ထား ရှိပြီဖြစ် ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ တစ်ဝန်းတွင်ရှိသော သောက်ရေသန့်စက်ရုံများမှ အမည်တူရှိပါက ခိုင်လုံ သော အထောက် အထားများဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်းဖြင့်ဆက်သွယ်၍ဖြစ်စေကန့်ကွက်နိုင်ပါသည်။

သက်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက သတင်းစာကြေညာချက်နှင့်အတူ အသုံးပြုလိုသော အမှတ်တံဆိပ်အမည်ဖြင့် အစားအသောက်နှင့် ဆေးဝါးကွက်ကဲရေးဦးစီးဌာနသို့ အမည်တူ ထောက်ခံချက်ဆက်လက် လျှောက်ထားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဆက်သွယ်ရန်**
**ဒေါ်ဇင်မာမျိုး ၉/အမဇ(နိုင်)၀၂၃၉၇၄**
**ဖုန်း-၀၉-၄၀၃၇၆၆၀၅၅**

## အမည်မှန်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ပညာ ကြယ်တံခွန် ကိုယ်ပိုင် အထက်တန်းကျောင်း Grade-12 တွင် ပညာသင်ကြားနေသော မကြယ်စင်သန့်၏ အမည်မှန်မှာ မကြည်စင်သန့် (ဘ)ဦးမင်းဇော် ဖြစ်ပါကြောင်း။

**မကြည်စင်သန့်**
**၉/အမဇ(နိုင်)၀၉၈၉၀၃**

## ဖခင်အမည်မှန်

ကျွဲပွဲမြို့ မော်ကွန်းအိမ်ကိုယ်ပိုင် အထက်တန်းဆင့်သင်ကျောင်း Grade 12 တွင် ပညာသင်ယူနေသော မောင်အောင်မြတ်ဖြိုး ၏ဖခင် ဦးသန့်ဇော် ၏ အမည်မှန်မှာ ဦးသန်းဇော် ၇/ထတပ(နိုင်)၀၇၅၈၃၂ ဖြစ်ပါကြောင်း။

**ဦးသန်းဇော်**

## ဖခင်အမည်မှန်

ကျွဲပွဲမြို့ မော်ကွန်းအိမ်ကိုယ်ပိုင် အထက်တန်းဆင့်သင်ကျောင်း Grade 12 တွင် ပညာသင်ယူနေသော မောင်ကျော်ဇင်ဟိန်း ၏ဖခင် ဦးနိုင်ကြီး၏အမည်မှန်မှာ ဦးမျိုးနိုင် ၇/ထတပ(နိုင်)၀၆၉၅၇၅ ဖြစ်ပါကြောင်း။

**ဦးမျိုးနိုင်**

## ဖခင်အမည်မှန်

အင်္ဂပူမြို့နယ်၊ အောက်ရွာကြီးကျေးရွာအုပ်စု၊ အောက်ရွာကြီးကျေးရွာနေ အထက အင်္ဂပူ (G-12) မှ မရည်မွန်ခိုင် ၏ ဖခင်အမည်မှန်မှာ ဦးကျော်လွင်ဦး ၁၄/အဂပ(နိုင်) ၁၄၈၆၉၅ ဖြစ်ပါကြောင်း။

**ဦးကျော်လွင်ဦး**

## ဖခင်အမည်မှန်

အင်္ဂပူမြို့နယ်၊ ကံဦးကျေးရွာအုပ်စု၊ ကံဦးကျေးရွာနေ အထက အင်္ဂပူ (G-12)မှ မောင်ပြည့်ဖြိုးအောင်၏ ဖခင်အမည်မှန်မှာ ဦးသန်းတင်ဦး ၁၄/အဂပ(နိုင်) ၁၄၉၀၄၁ ဖြစ်ပါကြောင်း။

